နေ့စွဲ – ၃. ၄. ၂၀၁၁

## ခရစ်တော်၊ ကျွန်ုပ်တို့၏တဦးတည်းသောယဇ်ပုရောဟိတ်မင်း
## (Christ, Our Only High Priest)

ကျွန်တော်တို့၏တဦးတည်းသာရှိသော ယဇ်ပုရောဟိတ်မင်းအနေနှင့် ခရစ်တော်လုပ်ပေးသောအလုပ်မှာ အပြစ်အတွက် ပူဇော်သောယဇ်အဖြစ် မိမိကိုယ်မိမိ ပူဇော်ခြင်းဖြစ်ပါသည်။ သူသည် တချိန်တည်းတွင် ယဇ်ပုရောဟိတ်မင်းဖြစ်သ လို၊ ပူဇော်သောယဇ်လည်း ဖြစ်နေပါသည်။

ခရစ်တော် ကျွန်တော်တို့ယဇ်ပုရောဟိတ်မင်းအဖြစ်ပြုလုပ်ပေးသောအလုပ်သည် အပြစ်အတွက် ယဇ်ပူဇော်ပေးခြင်းတခုတည်း မဟုတ်ပါ။ ထိုသို့သာမှန်လျှင် ယဇ်ပုရောဟိတ်မင်းဖြစ်ရမှုသည် ပြီးဆုံးသွားခဲ့မည်ဖြစ် သည်။ သို့သော် ဟေဗြဲ ၇း၂၈ က သူ့ကို ထာဝရယဇ်ပုရောဟိတ်အဖြစ် ခန့်အပ်ထားသည်ဟုပြောပါသည်။ ဓမ္မဟောင်းခေတ်က ယဇ်ပုရောဟိတ်မှာ ဗိမ္မာန်တော်ထဲရှင်ယဇ်ပလ္လင်ကြီးပေါ်တွင် အပြစ်အတွက်ယဇ်ကို ပူဇော်ပြီးသော် တာဝန်ကုန်ဆုံးပါသည်။ သို့သော် ခရစ်တော်မှာမူ အပြစ်ဖြေဖို့တခုတည်းသောယဇ်ကို ပူဇော်ပြီးသော်လည်း ပြီးဆုံးမသွားခဲ့ပါ။ ထိုသို့ ဗျာဒိတ်ကျမ်း(၁)တွင် ဖေါ်ပြထားပါသည်၊ ချီးမြှောက်ခြင်းခံရပြီးသူ၊ မြင့်မားခြင်း သို့ရောက်ပြီးသူ၊ သို့သော် ယဇ်ပုရောဟိတ်အမှုကို ဆက်လက်ဆောင်ရွက်နေသူအနေနှင့်ဖြစ်သည်။ သူ၏ဝတ်ရုံကို ရွှေခါးစည်းကြိုးဖြင့် ပတ်ထားသည်၊ ၄င်းသည် ယဇ်ပုရောဟိတ်မင်း၏ ဝတ်စုံပင်ဖြစ်သည်။

ယဇ်ပုရောဟိတ်မင်းကြီးအဖြစ် ခရစ်တော်၏ဆက်လက်အမှုဆောင်နေခြင်းသည် အထူးသဖြင့် နေရာနှစ်ခု၌ဖြစ်သည်။ ပထမအနေနှင့် သူသည် သူ့လူများအတွက် ဘုရားသခင်၏ရှေ့တွင် ဆက်လက်၍ကြားဝင်ဖြန်ဖြေပေးသည်။ ထိုအလုပ်ကို ဓမ္မဟောင်းကာလတွင် ယဇ်ပုရောဟိတ်က ကြီးမြတ်သောယဇ်ပလ္လင်ကြီးမှ မီးကိုယူဆောင်ကာ ဗိမ္မာန်တော်အတွင်းသို့ဝင်ရောက်လျှက်၊ အသန့်ရှင်းဆုံးအခန်း၏ကုလားကာရှေ့တွင် တည်ရှိသော ရွှေယဇ်ပလ္လင်ပေါ်၌ အမွှေးနံ့သာကိုမီးရှို့ပူဇော်ခြင်းက ပုံဆောင်ခဲ့ပါသည်။ ထိုနံ့သာမီးရှို့ခြင်း၏မွှေးရနံ့သည် ဘုရားသခင့်ရှေ့တော်မှောက်ရောက်သည်၊ ၄င်းက ကျွန်တော်တို့၏ဆုတောင်းခြင်းများနှင့်ရောနှောသွားသည့် ခရစ်တော်၏ချိုမြိန်သောဆုတောင်းသံများ ဘုရားသခင့်ရှေ့တော်မှောက် ရောက်သွားခြင်းကိုပုံဆောင်ပါသည်။ ထိုဆုတောင်းများကိုလက်ခံ၍ အဖြေပေးတော်မူပါသည်။

မီးရှို့ပူဇော်ရသောအမွှေးနံ့သာက ခရစ်တော်၏ ကြားဝင်ဖြန်ဖြေပေးမှုကို ပုံဆောင်သဖြင့်၊ ယဇ်ပုရောဟိတ်မင်းသည် ထိုအမွှေးနံ့သာကို အပြစ်ဖြေရာယဇ်ပူဇော်ပြီးစ ကြီးမြတ်သောယဇ်ပုလ္လင်မှမီးဖြင့် ရှို့ရပါသည်။ ထိုအမွှေးနံ့သာက လက်ခံထိုက်သော ဘုရားသခင့်လူများ၏ဆုတောင်းခြင်းကို ပုံဆောင်ပါသည်။ ထိုဆုတောင်းများသည် ခရစ်တော်၏ကြားဝင်လုပ်ဆောင်ပေးမှုဖြင့် ဘုရားသခင့်ရှေ့တော်သို့ ရောက်လာကြခြင်းဖြစ်သည်။ မီးရှို့ရာယဇ်ပူဇော်သောယဇ်ပလ္လင်မှ မီးခဲများက ကျွန်တော်တို့ဆုတောင်းများကို ဘုရားသခင်က လက်ခံတော်မူရသည့် တခုတည်းသောအကြောင်းအရင်းမှာ ခရစ်တော် ၏ယဇ်ပူဇော်ပေးခြင်းကြောင့်ဖြစ်သည်ကို ပုံဆောင်နေပါသည်။

ခရစ်တော်၏ ယဇ်ပုရောဟိတ်မင်းအနေနှင့်အမှုတော်ဆောင်ခြင်းသည် သူ့လူများအပေါ် သွန်းလောင်း ပေးသော ကောင်းချီးမင်္ဂလာအားဖြင့်လည်း ဆက်လက်နေပါသည်။ ဝိညာဉ်တော်ကိုသွန်းလောင်းပေးခြင်းနှင့် ဝိညာဉ်တော်၏ကောင်းချီးမင်္ဂလာများအားလုံးသည် ကျွန်တော်တို့၏ ယဇ်ပုရောဟိတ်မင်းကြီးအနေနှင့် ခရစ်တော်ပြုလုပ်ပေးခြင်းများ ဖြစ်ကြပါသည်။

ထိုအချက်ကို ဓမ္မဟောင်းကာလတွင် ယဇ်ပုရောဟိတ်မင်း ယဇ်ပူဇော်ခြင်း၊ ကြားဝင်ဖြန်ဖြေဆုတောင်းပေးခြင်း စသည်တို့ကို လုပ်ဆောင်ပေးပြီးသည့်အခါ ဝတ်ပြုသူများထံ ရရှိသွားပြီဖြစ်သော ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို ပြန်လည်ယူဆောင်လာပေးခြင်းဖြင့် ပုံဆောင်ပါသည် (တော ၆း၂၂–၂၇ "ထာဝရဘုရားသည်၊ သင့်ကိုကောင်းကြီးပေး၍ စောင့်မ တော်မူပါစေသော။ ထာဝရဘုရားသည် သင့်၌ မျက်နှာတော်အလင်းကိုလင်းစေ၍ ကရုဏာကျေးဇူးပြုတော်မူပါစေသော။ ထာဝရဘုရား သည် သင့်ကိုမျှော်ကြည့်၍ ချမ်းသာပေးတော်မူပါစေသော")။ ထိုအမှုအား ခရစ်တော်သည် ဘုရားသခင့်နာမတော်ဖြင့် ကျွန်တော် တို့ကို ကောင်းချီးပေးချိန်တွင် ကောင်းကင်ဘုံဗိမ္မာန်တော်မှ ပြုလုပ်ပေးပါသည်။

ထိုအမှုကိုပြုလုပ်ရန် ခရစ်တော်သည် ပထမအနေနှင် ကောင်းကင်ဘုံသို့ ဝင်ရောက်ရပါမည်။ ထိုအချက်ကိုလည်း ဓမ္မဟောင်းကျမ်းတွင် ပုံဆောင်ချက်ဖြင့် ဖေါ်ပြပါသည်၊ ယဇ်ပုရောဟိတ်မင်းအကြီးဆုံးသည် တနှစ်လျှင်တကြိမ် အသန့်ရှင်းဆုံးအခန်းရှိ ကရုဏာခုံတော်ပေါ်သို့ အပြစ်ဖြေအသွေးကိုဆက်သရန် ဝင်ရောက်ရခြင်းကို ဆိုလိုသည်။ ဘုရားသခင့်ရှေ့တော်သို့ ကျွန်တော်တို့အတွက် ခရစ်တော်ရောက်ရှိသောအခါ သူ၏အသွေးကို ယူဆောင်လျှက်သွားရောက်သည် (ဟေဗြဲ

၉း၂၄)။ ထိုအချက်သည် ခရစ်တော် ဆက်လက်ပြုလုပ်ပေးနေသောကြားဝင်ဖြန်ဖြေပေးခြင်း၊ မိမိလူတို့အတွက် ဆက်လက်၍ ကောင်းချီးမင်္ဂလာကိုရယူပေးနေခြင်းတို့၏ အခြေခံဖြစ်ပါသည်။

ခရစ်တော်သည် ယဇ်ပုရောဟိတ်မင်းကြီးအဖြစ် ပြည့်စုံသောယဇ်ကိုပူဇော်ပေးသည်၊ ပြည့်စုံသောကြားဝင်ဖြန်ဖြေပေးမှုကို ပြုလုပ်ပေးသူဖြစ်သည်ဟု ယုံကြည်သူတိုင်း ဘုရားသခင့်ထံမှ ကောင်းချီးမင်္ဂလာများကို ရရှိကြမည်ဖြစ်သည်။ အခြားဘုန်းတော်ကြီးတယောက်ကိုမှ အားကိုးစရာမလိုတော့ပါ။

## ခရစ်တော်၊ ကျွန်ုပ်တို့၏ထာဝရရှင်ဘုရင်

(Christ, Our Eternal King)

ခရစ်တော်၏ တတိယဌာနမှာ သူ၏ရှင်ဘုရင်ဖြစ်ခြင်းဌာနဖြစ်ပါသည်။ သူ၏ဘုရင်ဖြစ်ခြင်းဌာနနှင့် လုပ်ကိုင်ခြင်းတို့ကိုနားလည်ရန် အချက်အတော်များများကို လေ့လာရပါမည်။

ခရစ်တော်၏ဘုရင်ဖြစ်ခြင်းဌာန၌ အပိုင်းနှစ်ပိုင်ရှိသည်ကို သိရပါမည်၊– ဆိုးညစ်သောကမ္ဘာကြီးကိုအုပ်စိုးခြင်းနှင့် မိမိလူတို့အပေါ် အုပ်စိုးခြင်းတို့ဖြစ်သည်။ ပထမအုပ်စိုးခြင်းကို တန်ခိုးတော်အားဖြင့်အုပ်စိုးခြင်း(the rule of His power)ဟု ခေါ်၍၊ ဒုတိယအုပ်စိုးခြင်းကို ကျေးဇူးတော်အားဖြင့်အုပ်စိုးခြင်း(the rule of His grace)ဟု ခေါ်ပါသည်။

သူ၏တန်ခိုးတော်နှင့်အုပ်စိုးခြင်းဖြင့် ခရစ်တော်သည် ဆိုးညစ်သူများ၏ ပြုမူခြင်းအားလုံး၊ နှလုံးသားများ၊ အတွေးများအားလုံးကို အစိုးရတော်မူစွာ ထိန်းချုပ်ပါသည်၊ သူ၏ရည်ရွယ်ချက်အတွက်၊ နိုင်ငံတော်တော်အတွက် အသုံးပြုချင်သလို အသုံးပြုပါသည်။ ယုဒကို "မင်းလုပ်စရာရှိတာ အမြန်လုပ်ပါ"ဟုပြောသည့်အခါတွင် သူ၏ဘုရင်ဖြစ်ခြင်းဩဇာအာဏာနှင့် ပြောခဲ့ခြင်းဖြစ်သည် (ယော ၁၃း၂၇)။ ခရစ်တော်က ယုဒကို အမှောင်ကမ္ဘာ၏အလုပ်ကိုလုပ်ရန် စေလွှတ်ခြင်းဖြစ်သည်၊ ထိုသို့ဖြင့် သူသည် မိမိလူတို့၏ကယ်တင်ခြင်းအတွက် လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံနိုင်မည်၊ အသွေးသွန်းပေးနိုင်မည်ဖြစ်သည်။ ထိုသို့သောတူညီသည့်ဩဇာအာဏာကို မိမိအားလာဖမ်းသူများအား နောက်ပြန်လဲကျစေခြင်းဖြင့် ထပ်မံဖော်ပြပါသည်(ယော ၁၈း၆)။ ထိုသို့ပြရခြင်းမှာ လက်ဝါးကပ်တိုင်ပေါ်သို့ သူသည် လိုချင်စွာသွားခြင်းဖြစ်သည်ကိုဖော်ပြရန်ဖြစ်သည်။ (မသွားချင်ဘဲ အတင်းသွားရခြင်းမဟုတ်၊ သူများဖမ်း၍သတ်ပစ်ခံရခြင်းမဟုတ်၊ ဒစ်စပင်ဆေးရှင်းများပြောသလို၊ နှစ်ပေါင်းတထောင်နိုင်ငံတော်တည်ထောင်ရန်လာသော်လည်း သူ့လူမျိုးဂျူးများက လက်မခံ၍ လက်ဝါးကပ်တိုင်ပေါ်တက်သေသည် မဟုတ်ပါ။ ဘာသာပြန်သူ)

သူသည် ရှင်ဘုရင်ဩဇာအာဏာကို ခရစ်တော်အားဆန့်ကျင်ပုန်ကန်ကြသူများ၏ အလိုဆန္ဒကိုဆန့်ကျင်လျှက်၊ ၎င်းတို့၏အလိုဆန္ဒကို ဂရုထားခြင်းမရှိ ကျင့်သုံးပါသည်။ ၎င်းတို့သည် ထကြွကာ၊ စုဝေးကြလျှက် ခရစ်တော်ကို အတူတကွဆန့်ကျင်ကြသည် (ဆာလံ ၂)၊ သို့သော် သူသည် သူတို့ကို အရေးမစိုက်စွာ လှောင်ရီ ရယ်ပါသည်၊ သူတို့၏ ပုန်ကန်ခြင်းကိုပင် မိမိကြိုက်၍ချမှတ်သောလိုချင်ဆန္ဒပြည့်ဝရန် သုံးပါသည်။

သူသည် ကျေးဇူးတော်ဖြင့်လည်း အုပ်စိုးပါသည်။ မိမိကျေးဇူးတော်အုပ်စိုးမှုအားဖြင့် သူသည် အသင်းတော်ထဲတွင် အုပ်စိုးပါသည်။ သူ့လူတို့ကို ထိုသို့အုပ်စိုးခြင်းဖြစ်သည်။ ထိုအုပ်စိုးခြင်းကို ခရစ်တော်သည် သူ့လူများ၏အလိုဆန္ဒမှနေ၍ ၎င်း၊ သူတို့၏အလိုဆန္ဒအထဲ၌၎င်း ကျင့်သုံးပါသည်။ သူ၏ကျေးဇူးေတာ်အားဖြင့် သူတို့၏အလိုဆန္ဒများကို ပြောင်းလဲစေ သည်၊ သူ့ကိုချစ်မြတ်နိုးနိုင်ရန်၊ သူ၏အလိုဆန္ဒကို လိုချင်စွာလိုက်နာ၍သူ့အတွက် လိုချင်စွာအသက်ရှင်ကြရန် ပြုလုပ်ပေးပါ သည်။ ထိုသို့အုပ်စိုးခြင်းကို လှပစွာ ဆာလံ ၁၁ဝး၃ က ပြန် ပြောပါသည်၊ "ကိုယ်တော့် တန်ခိုးအာဏာနေရက်တွင် ကိုယ့်တော့်လူတို့သည် လိုချင်ဆန္ဒရှိကြပါမည်။"

ခရစ်တော်၏အုပ်စိုးတော်မူခြင်း ရှုထောင့်နှစ်ခုကို ဆာလံကျမ်းနှစ်ပိုဒ်ဖြင့် ရှင်းစွာနားလည်နိုင်ပါသည်။ ခရစ်တော်သည် မယုံကြည်သူ(လူဆိုးများ)အားလုံးကို သံမဏိတောင်ဝှေးတော်ဖြင့် အုပ်စိုးသည်၊ အစိတ်စိတ်အမွှာမွှာဖြစ်အောင် ရိုက်ခွဲသည် (ဆာလံ ၂း၉)။ တချိန်ထဲတွင် သူသည် မိမိလူများကို သိုးထိန်းတို့သုံးသောတောင်ဝှေးတော်ဖြင့် အုပ်စိုးသည်၊ ငြိမ်းချမ်းခြင်းသို့ ပို့ဆောင်သည် (ဆာလံ ၂၃း၄)။

ကျွန်တော်တို့ ထပ်၍သိရဦးမည်မှာ ခရစ်တော်သည် ရှင်ဘုရင်အနေနှင့် သူ့လူများအပေါ် အုပ်ချုပ်ယုံ သာမကပါ၊ သူ့လူများအတွက်လည်း အုပ်ချုပ်ပါသည်၊ သူတို့အတွက် တိုက်ခိုက်တော်မူပါသည်၊ တိုက်ပွဲအတွင်းတွင် သူတို့ကို ဦးဆောင်ပါသည်။ ရှင်ဘုရင်အနေနှင့် သူသည် သူ့ရန်သူများအားလုံးကို ခြေမှုန်းသူ၊ အောင်နိုင်သူ ဖြစ်သည်၊ အမှောင်ကမ္ဘာ၏ တန်ခိုးနှင့်နိုင်ငံတခုလုံးကို လုံးဝအောင်နိုင်တော်မူသောသူအားဖြင့်၊ ကျွန်တော်တို့သည် အောင်နိုင်သူများထက် ပို၍အောင်နိုင်ကြသူများဖြစ်ကြပါသည် (ရောမ ၈း၃၇)။

ထိုအောင်ပွဲကို သူသည် ရပြီးဖြစ်ပါသည်။ တိုက်ပွဲမပြီးသေး၊ အောင်ပွဲမရသေး မဟုတ်ပါ၊ လက်ဝါးကပ်တိုင်အားဖြင့် ပြည့်ဝစွာအောင်ပွဲရပြီးဖြစ်သည် (ယော ၁၉း၃ဝ၊ ကော ၂း၁၄၊ ၁၅)။ "လောကီနိုင်ငံသည် ငါတို့အရှင်၏နိုင်ငံ ဖြစ်လေပြီ။ ထို အရှင်၏ ခရစ်တော်နိုင်ငံဖြစ်လေပြီဟု ဟောဆိုကြ၏။" (ဗျာ ၁၁း၁၅)။ "အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအ ဆက်ဆက် ကိုယ်တော်၌ရှိပါစေ၏" (မဿဲ ၆း၁၃)။

ကျွန်တော်တို့ ခရစ်တော်သည် ဘုရင်ဖြစ်ကြောင်း အသိအမှတ်ပြုကြရမည်၊ ထိုသို့ဖြင့် သူ၏အောင်မြင်ခြင်းသည် ကျွန်တော်တို့၏အောင်နိုင်ခြင်းဖြစ်လာပါမည်။ ကျွန်တော်တို့နှလုံးသားများမှ သူ၏ကျေးဇူးတော်ဖြင့် အုပ်စိုးခြင်းကို ရှိသေလေးစားလျှက် အသိအမှတ် ပြုကြပါမည်။ ထို့ကြောင့် ဘုရားသခင်က ရှင်ဘုရင်အဖြစ် ခန့်အပ်ထားသော သားတော်ကို နမ်းကြပါမည်၊ မဟုတ်ပါက သူ့အမျက်ထွက်လျှင် ကျွန်တော်တို့အားလုံးဆုံးရှုံးခြင်း သို့ရောက်ကြမည်ဖြစ်သည် (ဆာလံ ၂း ၁၂)။ (Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++++++++++

## အဘယ်အရာထဲတွင် သင့်ဘဝတည်မှီနေသနည်း

## <u>In What Life Consists</u>

(၁၆)–တဖန်ဥပမာစကားကိုမိန့်တော်မူသည်ကား၊“သူဌေးတဦး၌မြေကောင်း၍အသီးအနှံများလှ၏။ (၁၇) – ထိုသူဌေးက၊ “ငါသည်အဘယ်သို့ပြုရမည်နည်း။ အသီးအနှံများကိုသိုထားစရာအရပ်မရှိ။ (၁၈)–ပြုမည်အကြံမူကား၊ ငါ့တိုက်များကိုဖျက်၍ကျယ်သောတိုက်တို့ကိုတည်ပြီးမှ၊ ငါ၏အသီးအနှံဥစ္စာရှိသမျှတို့ကိုသိုထားမည်။ (၁၉)–ငါ့ဝိညာဉ်အားလည်း၊ အချင်းဝိညာဉ်၊ သင်သည်နှစ်ပေါင်းများစွာသုံးဆောင်ရန်ဥစ္စာများကိုသိုထားလျက်ရှိပြီ ငြိမ်ဝပ်စွာနေလော့။ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းကိုပြုလော့၊ ငါပြောမည်”ဟုသူဌေးအကြံရှိ၏။ (၂၀)–ထိုသို့အကြံရှိစဉ်တွင် ဘုရားသခင်က၊ “အချင်းလူမိုက်၊ ယနေ့ညဥ့်ပင်သင်၏ဝိညာဉ်ကိုရုပ်သိမ်းရာအချိန်ရောက်လိမ့်မည်။ သို့ဖြစ်၍သင်သည်ပြင်ဆင်သိုထားသောဥစ္စာကို အဘယ် သူပိုင်မည်နည်း”ဟုသူဌေးအားမိန့်တော်မူ၏။ (၂၁)–ထိုအတူကိုယ်အဘို့ဘဏ္ဍာများကိုဆည်းဖူး၍၊ ဘုရားသခင်ရှေ့တော်၌ ဆင်းရဲသောသူမည်သည်ကားထိုသူဌေးနှင့်တူသည်” ဟုမိန့်တော်မူ၏။ (လုကာ ၁၂း ၁၆–၂၁)

**မိတ်ဆက်စကား**

ဤကျမ်းပိုဒ်များထဲတွင်မှတ်တမ်းတင်ထားသောပုံဥပမာသည် သခင်ယေရှုက(သူ၏မြေကြီးပေါ်သာသနာပြုခြင်းပြီးဆုံးခါနီးအချိန်) ‘ပီရီးယားနယ်’သာသနာခရီးစဉ်တွင်ဟောကြားခဲ့ခြင်းဖြစ်သည်။

ဤပုံဥပမာ၏ဆက်စပ်ကျမ်းပိုဒ်များအရ သခင်ယေရှုသည် သူ့နောက်သို့လိုက်လာကြသောကြိတ်ကြိတ်တိုးနေသောလူအုပ်ကြီးကို ကောင်းကင်နိုင်ငံတော်၏(ထာဝရကာလပတ်လုံး)အရေးပါလှသော ဥပဒေသများကို သွန်သင်ပေးနေခဲ့ကြောင်းသိရသည်။

သခင်ယေရှုသွန်သင်ပေးနေစဉ်တွင် ရုတ်တရက်ပင် လူတယောက်သည်လူအုပ်ကြီးထဲမှတိုးဝှေ့ပြီး သခင်ယေရှုရှေ့သို့ရောက်လာပြီး၊ သူ၏သွန်သင်မှုကိုအစမွှေနှောက်ယှက်ရာရောက်သော မေးခွန်းတခုကိုမေးလိုက်တော့သည်။ သခင်ဘုရားက ကောင်းကင်ဘုံနှင့်စပ်ဆိုင်သောအရာများကိုသွန်သင်နေချိန်တွင် ဤသူကတော့လောကီနှင့်ဆိုင်သော အရာများကိုသာစိတ်ဝင်စားနေ၏။ သခင်ဘုရားအားသူကတောင်းဆိုလိုက်သည်မှာ–“ဆရာသခင်၊ ကျွန်တော့်ကိုအမွေတွေခွဲပေးဖို့ ကျွန်တော့်အကိုကိုပြောပေးပါ”–ဟူ၍ဖြစ်သည်။ သခင်ယေရှု၏တရားဒေသနာဟောကြားနေစဉ်တွင် ဤသို့လောကီရေးရာများကို ရိုင်းစိုင်းစွာထည့်သွင်းလိုက်ခြင်းမှာ မည်မျှအရှိအသေကင်းမဲ့၊မသင့်တော်သောအမူ ဖြစ်ပါသနည်း! ထို့ကြောင့်လည်း သခင်ယေရှု ၏အဖြေသည် ဒေါသဖြင့် တဲ့တိုးကြီးဖြေချလိုက်ခြင်းဖြစ်နေ၏။ အမှုအခင်း၏ဥပဒေကြောင်းကိုလေးစားသောအားဖြင့် သခင် ယေရှုက သူသည် လောကီတရားသူကြီးမဟုတ်ကြောင်း ဖြေကြားလိုက်သည်။ ဤအမှုမျိုးအတွက်တရားရုံးများရှိနေသလို ဘု ရားသခင်ကိုယ်တော်တိုင် ပေးအပ်ထားသော တရားမျှတသည့်ဥပဒေများရှိနေပါ၏။ သို့သော်လည်း ဤမေးခွန်း၏ ဝိညာဉ် ပိုင်းဆိုင်ရာရှုထောင့်အရ ထိုသူသည်သူတပါးဥစ္စာလို ချင်တပ်မက်စိတ်ကိုသတိထားဖို့သင်ယူရမည်၊ အဘယ့်ကြောင့်ဆိုသော် သူ၏တောင်းဆိုချက်သည် တပ်မက်သောနှလုံးသားထဲမှ လှုံ့ဆော်မှုကြောင့် ထွက်ပေါ်လာခြင်းဖြစ်၏။ ထိုသူသည် သူ၏လောကီဥစ္စာတပ်မက်သောစိတ်က ခွန်အားကြီးစွာ လွှမ်းမိုးထားသဖြင့် သခင်ဘုရားအား သူ၏တပ်မက်သောမျက်လုံးများထဲမှကြည့်ကာ သူ၏ငွေကြေးဆာလောင်သောစိတ်ကို ကျေနပ်မှုရစေဖို့အရေး သခင်ခရစ်တော်ကိုပင် အသုံးချရန် ကြံရွယ်လာတော့သည်။

သခင်ဘုရားက လိုချင်တပ်မက်စိတ်သည် လူတဦး၏ဘဝထဲမှ– (လောကီဥစ္စာအလျှံပယ်ကြွယ်ဝရေးအတွက် စိတ်ဝင်စားနေခြင်း)ဟူသော အခြေခံမှားယွင်းမှုထဲတွင်မြစ်ဖျားခံလာခြင်းဖြစ်သည်ဟု သွန်သင်ပေးခဲ့သည်။ ဤစိတ်ထားသည် ပြင်းထန်သော၊ သေစေနိုင်သော မှားယွင်းမှုဖြစ်၏။

သခင်ဘုရားက ဤအခြေအနေကိုအသုံးချကာ ကောင်းကင်နိုင်ငံတော်၏အခြေခံစည်းမျဉ်းဥပဒေတခုကို ရှင်းပြပေးသောပုံဥပမာတခုကိုပြောပြလိုက်သည်။ ဤပုံဥပမာထဲတွင် ကောင်းကင်နိုင်ငံသားတဦးက သူ၏လောကီပိုင် ဆိုင်မှုများအပေါ် ထားရှိရမည့်စိတ်သဘောကို ရှင်းပြထားသည်။ ဤကိစ္စသည် သေချာပေါက်အရေးကြီးသောကိစ္စဖြစ်သည်။ လောကီနှင့်

ဆိုင်သောရတနာများကို တိုးပွားအောင်ကြိုးစားခြင်းသည် မိုက်မဲခြင်းဖြစ်သည်။ ဤလောကီရတနာများက လူတယောက်ကို 'အသက်ရှင်ခြင်း'မပေးနိုင်ပါ။

အတိုချုပ်အားဖြင့်ဆိုရလျှင်၊ လောကီပိုင်ဆိုင်မှုကိုရှာဖွေသောသူသည် ဘုရားသခင်ရှေ့တွင်ဆင်းရဲသားဖြစ်သည်၊ သူ၏နိဂုံးသည် ဝရုပြည်ဖြစ်သည်။ ဘဝသည် ဘုရားသခင်ထံသို့ဦးတည်သောကြွယ်ဝခြင်း–အပေါ်တွင်တည်နေသည်။ ဘဝ ၏ကြွယ်ဝခြင်းသည် လူတဦး၏ ရုပ်ဝတ္ထုပစ္စည်းပိုင်ဆိုင်မှုအတိုင်းအတာအပေါ်တွင် မတည်ဘဲ၊ သခင်ဘုရားနှင့် ပေါင်းသင်း ဆက်ဆံရေးအပေါ်တွင်သာ တည်နေ၏။ ဤသို့သောဘဝမျိုးသည် ယခုဘဝရော၊ (ထာဝရအသက်ရှင်ခြင်းဖြစ်သော) နောင် ဘဝတွင်ပါ ကောင်းချီးမင်္ဂလာခံစားရသောဘဝမျိုး ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် လောကီရတနာများသည် သေမင်း၏အ ရိပ်ဖုံးလွှမ်းရာတောင်ကြားထဲသို့ ဖြတ်သန်းသယ်ဆောင်သွား၍ မရနိုင်ဘဲ ရှိနေပြီး၊ ဝိညာဉ်ရေးရာရတနာများကိုသာ သယ် ဆောင်သွားနိုင်ခွင့် အသေအချာရှိနေ၍ဖြစ်၏။ ထို့ကြောင့် သတိပေးဆုံးမချက်သည်–"ဘုရားသခင်ရှေ့မှာ လူချမ်းသာဖြစ် အောင်လုပ်ပါ"–ဟူ၍ဖြစ်သည်။

## ပုံဥပမာကိုယ်တိုင်၏အကြောင်း

သခင်ယေရှုပြောပြသောပုံဥပမာထဲတွင် သူပိုင်ဆိုင်သောလယ်မြေမှနေ၍ အသီးအနှံအလျှံပယ်ထွက်ရှိသော မြေပိုင် ရှင်တဦးကိုတွေ့ရ၏။ ဇာတ်ကောင်သည် ဤပုံဥပမာထဲတွင်ပါရှိသော ကောက်ရိတ်သိမ်းချိန်မတိုင်မီကပင် ချမ်းသာကြွယ်ဝ ပြီးသားဖြစ်ကြောင်းသိရ၏။ ထို့မျှမကသေးဘဲ သူသည်တရားမျှတ၍ရိုးဖြောင့်သောနည်းလမ်းအားဖြင့်ချမ်း သာလာခြင်းဖြစ် သည်၊ အဘယ့်ကြောင့်ဆိုသော် သူ၏လယ်မြေသည်အလွန်အထွက်ကောင်း၍ဖြစ်သည်။ သူသည် ဆင်းရဲသားများကို ခေါင်း ပုံဖြတ်၍ချမ်းသာလာခြင်းမဟုတ်ပါ။ သူသည် လူလိမ်၊ လူကောက်၊ သူခိုး–မဟုတ်ပါ။ သူသည် သူ့အသိုင်းအဝိုင်းထဲတွင် ထူး ချွန်ထက်မြက်သူဖြစ်သည်။ သူ၏ရိုးဖြောင့်မှုနှင့်ချွေတာစုဆောင်းမှုကြောင့် လေးစားခြင်းခံရသောသူဖြစ်၏။ သူ၏အပြစ်သည် သူ၏ရုပ်ဝတ္ထုကြွယ်ဝခြင်းကိုရရှိဖို့အတွက် သနားညှာတာမှုကင်းမဲ့စွာ ဓါးပြတိုက်၊ လူသတ်သောကြောင့်မဟုတ်ပါ။ သူ့ထံ၌ အပြစ်တခုတည်းသာရှိ၏၊ တပ်မက်လိုချင်စိတ်အပြစ်ဖြစ်၏။

ဤပုံဥပမာထဲတွင်ဖေါ်ပြထားသောအချိန်ကာလမှာ ဤလယ်ပိုင်ရှင်အတွက် အလွန်အမင်းဥစ္စာပစ္စည်းတိုးပွားသော နှစ်တနှစ်ဖြစ်၏။ ချမ်းသာပြီးသားဖြစ်သောလယ်ပိုင်ရှင်သည် လောကီနှင့်ဆိုင်သောပစ္စည်းဥစ္စာပို၍တိုးပွားလာခြင်းနှင့် သူ၏ ကြွယ်ဝမှု ပို၍ကြီးထွားလာခြင်းတို့ကို နှစ်သက်စွာရင်ဆိုင်နေရ၏။ သို့သော် ဤသို့အလွန်အကျွံကြီး ထွားလာသော ကြွယ်ဝ ခြင်းက အလေးအနက်တွေးခေါ်ဖို့ လိုအပ်သော ပြဿနာတရပ်ကို ပေးအပ်လာ၏။ ဤပြဿနာမျိုးမှာ လောကီသဘော ဆောင်သောသူတို့က အပျော်အပြက်သဘောလဲဖြစ်၊ အလေးအနက်ပြောခြင်းလဲဖြစ်သော–"ဒီပြဿနာမျိုးတော့ ငါတို့လဲ ကြုံ ချင်လိုက်ပါဘိ"–ဟုပြောလေ့ရှိသောပြဿနာမျိုးဖြစ်၏။ သူ၏ကောက်ပဲသီးနှံတို့ကို ထားစရာနေရာမရှိတော့၊ သူထံ၌စပါးကျီ များ၊ ဂိုထောင်များမလုံလောက်တော့။ သူ၏ကောက်ပဲသီးနှံများ လေဟာပြင်ထဲမှာ ဆွေးမြေ့ကုန်မည့်အရေးကို တွေးပင်မ တွေးရဲ၊ ထိုသို့ပြုခြင်းသည် မိုက်မဲသောအပြုအမူဖြစ်ကြောင်းသိနေသည်။ သူသည် သူ၏လယ်ထွက်သီးနှံများကို ကြာရှည်ခံ အောင် သိုလှောင်ရန်၊ အသုံးချရန် တာဝန်ရှိကြောင်းသိနေ၏။

ဤပြဿနာ၏အဖြေသည် မကြာမီသူ့အလိုလိုပေါ်လာ၏။ တချိန်တုန်းက သူ့အတွက်လုံလောက်ပြီဟုထင်ခဲ့မိသော စပါးကျီများနှင့်ဂိုထောင်များကို တစစီဖြိုချပစ်လိုက်မည်၊ ထို့နောက် သူ၏ပစ္စည်းဥစ္စာအားလုံးနှင့် ရတနာအားလုံးကို သို လှောင်နိုင်သော ဂိုထောင်ကြီးများကိုတည်ဆောက်လိုက်မည်။ ဤသို့လုပ်ဖို့အတွက်သူ၏ကြွယ်ဝမှုအချို့ကို သုံးဖို့လိုလိမ့်မည်၊ သို့သော်လည်း လာဦးမည့်နှစ်ပေါင်းများစွာတွင်လည်း များပြားစွာစုသိမ်းရလိမ့်ဦးမည်၊ ထို့အတူ အနာဂတ်သည် ရှည်လျား သော်လည်း သူ့ထံတွင် ချွေးထွက်သံယိုအလုပ်များမှ အနားယူ၍ အေးအေးလူလူဘဝမျိုးဖြင့် နေထိုင်သွားဖို့ လုံလောက် သောကြွယ်ဝခြင်း ရှိနေပါပြီ။ ပူပြင်းသောနေရောင်အောက်တွင် မနားတမ်းအလုပ်လုပ်နေဖို့ မလိုတော့ပြီ။ နေထွက်ချိန်၊ နေ ဝင်ချိန်တို့က သူ၏တနေ့တာအလုပ်ချိန်ကိုသတ်မှတ်ဖို့ ခွင့်ပေးနေစရာမလိုတော့ပြီ။ ဘဝ၏ကောင်းမြတ်သောအရသာများကို ခံစားဖို့အရေး ရှောင်ရှားနေစရာမလိုတော့ပြီ။ သူ့ကို နောင်လာမည့်နှစ်ပေါင်းများစွာအထိ လုံလောက်စွာထောက်ပံ့သွားနိုင် သည့် ကြီးမားသောစပါးကျီများနှင့်ဂိုထောင်များသည် သူ၏တောက်ပ၍ ပျော်ရွှင်ဘွယ်အတိပြီးသောအနာဂတ်အတွက် အာ မခံချက်များပင်ဖြစ်တော့၏။

မည်မျှနှစ်သက်ဖွယ်ကောင်းသောပန်းချီကားဖြစ်ပါသနည်း! ယနေ့ခေတ်လူများသည်လည်း ဤသို့သောမျှော်လင့် ခြင်းတို့ဖြင့် မကြာခဏအသက်ရှင်တတ်ကြသည် မဟုတ်ပါလား။ ထိုကဲ့သို့သောသူများသည် သူတို့ကိုယ်သူတို့ အမျှော်အ မြင်ကြီးသူများအဖြစ် တွေးထင်နေတတ်ကြသည်။ သူတို့သည်သူတို့၏ အနာဂတ်အိုမင်းမစွမ်းဖြစ်လာချိန်အတွက် စုဆောင်း ကြသည်။ စည်းစိမ်ခံစား၍ အေးအေးလူလူ အငြိမ်းစားယူနိုင်သောသူ ဖြစ်နိုင်ဖို့ မျှော်တွေးတတ်ကြသည်။ ကမ္ဘာကြီးကလည်း ထိုသို့သောသူများကို ချီးကျူးထိုက်သော၊ ကိုယ်ကျင့်တရားကောင်းမွန်သော–နိုင်ငံသားများအဖြစ်ဖြင့် ကြေညာတတ်၏။

သို့သော်ဘုရားသခင်ကထိုသူမျိုးကို–'မိုက်မဲသူ'ဟုခေါ်၏။ ထို့အတူ နောက်ဆုံးစမ်းစစ်ချိန်တွင် ချမှတ်မည့် ဘုရားသခင်၏တရားစီရင်ချက်ကသာ ဘယ်လိုလူမျိုးလဲဆိုသည်ကိုအဆုံးအဖြတ်ပေးမည်ဖြစ်၏။

ဤလယ်ပိုင်ရှင်၏မိုက်မဲမှုကို ပုံဥပမာစစချင်းတွင်ပင်တွေ့ရှိနိုင်၏။ ပုံဥပမာတခုလုံးသည် ဤသူကိုအဓိကနေရာတွင်ထား၍သရုပ်ဖေါ်ထား၏။ ဤသူက–'ငါ'ဟူ၍(၆)ကြိမ်–ငါသည်အဘယ်သို့ပြုရမည်နည်း?...ငါဤသို့ပြုမည်.. ငါထိုသို့ပြုမည်...စသဖြင့်ပြောခဲ့ကြောင်းတွေ့ရသည်။ 'ငါ'–(သို့) 'သင်'–ဟူသောစကားလုံးအားဖြင့်သူ့ကိုယ်သူညွှန်း ဆိုခြင်း(၇)ကြိမ်–ငါ့ပစ္စည်း၊ ငါ့တိုက်၊ ငါ့သီးနှံ၊ ငါ့ဝိညာဉ်၊ သင်သည်နှစ်ပေါင်းများစွာစားသုံးနိုင်သော...စသဖြင့် ပြောခဲ့ကြောင်းတွေ့ရ၏။

သူသည် ထိုအရာအားလုံးအပေါ်မှာအရှင်သခင်ဖြစ်သည်ဟု သူ့ကိုယ်သူတွေးထင်နေခြင်းအားဖြင့် သူ၏မိုက်မဲခြင်းကို ထင်ရှားနေစေ၏။ သူစုဆောင်းထားသောပစ္စည်းများ၊ သူ၏ဝိညာဉ်ပါမကျန် သူပိုင်သောအရာဟုထင်နေ၏။ သူပိုင်သောအရာဖြစ်သည်နှင့်အညီ ၎င်းတို့ကို သူ၏ပုဂ္ဂလိကစိတ် ကျေနပ်ပျော်ရွှင်ရေးအတွက် အထူးတလည် အသုံးပြုရမည်ဖြစ်၏။ သူ၏ရှေ့တွင် လာလတ္တံ့သောနှစ်ပေါင်းများစွာကို ဖြန့်ခင်းထားလျက်ရှိပြီး၊ သူ၏စည်းစိမ်ဥစ္စာများသည် ကာလတာရှည်စွာတန်ဖိုးရှိနေဦးမည်ဖြစ်၏။ ရိတ်သိမ်းချိန်အဆုံးတွင် သူ၏ကောက်ရိတ်သမားများကို စေလွှတ်သောအခါတွင်လည်း ပျော်ရွှင်ဘွယ်ရာမှတပါး အခြားမည်သည့်အကြောင်းမှဖြစ်ပေါ်လာစရာမရှိပါ။

သို့သော် ထိုညတွင်ပင် သူ၏မိုက်မဲခြင်းကသိသာစွာထင်ရှားလာ၏။ ကောက်ရိတ်သိမ်းပွဲ၏ညချမ်းအချိန်မှာ သူ၏လုပ်အားအသီးအပွင့်များအပေါ်အလေးအနက်တွေးခေါ်ရင်းပျော်မွေ့နေချိန်တွင်ပင် ကောင်းကင်ဘုံ၌တရားစီ ရင်ချက်တခုချမှတ်လိုက်၏။ ထိုညတွင်ပင် သူ၏ပျက်လွယ်စီးလွယ်ခန္ဓာကိုယ်ထဲတွင်တွယ်ကပ်နေသော၊ သူကသူ့ကိုယ်ပိုင်ပစ္စည်းအဖြစ်ကြေညာထားသော၊ သူ့ဝိညာဉ်ကိုပြန်လည်ရုပ်သိမ်းတော့မည်ဖြစ်၏။ သူသည်ထာဝရကာလကိုမျက် နှာချင်းဆိုင်နေရပြီဖြစ် ၏။ ထိုအချိန်တွင် ဤကြွယ်ဝချမ်းသာမှုများအားလုံးမည်သူ့ဥစ္စာဖြစ်သွားမည်နည်း? ထိုအရာများကိုသူနှင့်အတူယူမသွားနိုင်၊ အဘယ့်ကြောင့်ဆိုသော် သေမင်းသည်မည်သည့်ရုပ်ဝတ္ထုပစ္စည်းကိုမျှသူ့ပိုင်နက်ထဲ ယူဆောင်ခွင့်မပြုသောကြောင့်ဖြစ်၏။ သူ သည် ထာဝရကာလထဲတွင် (ကိုယ်လုံးတီးဘဝ)ဖြင့်ရပ်တည်ရလိမ့်မည်ဖြစ်၏။

### သခင်ယေရှုပြောသော ဘဝအသက်တာ

လူတယောက်၏ဘဝသည် မည်သည့်အရာထဲတွင်တည်မှီနေပါသနည်း? ဤမေးခွန်းသည်မည်မျှအရေးပါသောမေး ခွန်း ဖြစ်လာပါသနည်း!

သခင်ယေရှုရည်ညွှန်းပြောဆိုနေသောဘဝသည် ကမ္ဘာကြီးအလယ်မှာအသက်ရှင်နေကြသောကျွန်တော်တို့၏ယနေ့လက်ရှိဘဝများပင်ဖြစ်၏။ အောက်အရပ်ကမ္ဘာကြီးထဲမှာ ကျွန်တော်တို့ရှင်သန်နေကြရမည့်ဘဝပုံစံပင်ဖြစ်၏။ ကျွန်တော်တို့နှင့်ထိတွေ့နေရသောသူများ (ကျွန်တော်တို့သိကျွမ်းသော၊ ဘဝချင်းဆက်စပ်နေသောသူများ၊ တဦးနှင့်တဦးတို့၏ ဘဝခရီးလမ်း အချင်းချင်းဖြတ်ကျော်မိကြသူများ)–နှင့်ပေါင်းသင်းဆက်ဆံရေး၊ ထို့အတူ ဘုရားသခင်နှင့် ပုံစံတမျိုးမျိုးဖြင့်မိဿဟာယပြုနေသောဘဝများဖြစ်သည်။ ဘုရားသခင်နှင့်မည်သည့်ပုံစံဖြင့်ဆက်စပ်နေသနည်းဆိုသည်က အဓိကမဟုတ်သေးပါ၊ ဆက်စပ်မှုရှိနေခြင်းက အဓိကဖြစ်သည်။ ဤအရာမှကျွန်တော်တို့ထွက်ပြေး၍မရပါ။ ထိုမိဿဟာယများထဲမှ ကျွန်တော်တို့လွတ်မြောက်ချင်စိတ်ရှိနေနိုင်သော်လည်း ထွက်ပြေး၍မရပါ။ လက်ရှိဘဝမှာ ရှင်သန်ဖို့ဖြစ်လာပြီးမှတော့၊ ဤဘဝမှာဘဲ ကျွန်တော်တို့အချိန်ကိုသုံးကြရမည်ဖြစ်၏။

ဤဘဝသည်မည်သည့်အရာထဲတွင်တည်မှီနေပါသနည်း? ဆိုလိုသည်မှာ–၎င်း၏စရိုက်လက္ခဏာအမှန်၊ ၎င်း၏အခြေခံအဓိပ္ပါယ်၊ ၎င်း၏အခြေခံထူးခြားချက်–တို့သည်အဘယ်နည်း ဟူ၍ဖြစ်သည်။ ဤမေးခွန်းများသည် ကျွန်တော်တို့၏သြတ္တပစိတ်ထဲသို့ ထိုးဖေါက်လာနေသောမေးခွန်းများပင်ဖြစ်၏။ ဤဘဝသည် ရုပ်ခန္ဓာကြီးနှင့်၎င်း၏အစိတ်အပိုင်းများမှတပါး အခြားဘာမှမပါသောဘဝမျိုးလား? စားလိုက်ကြသောက်လိုက်ကြ၊ မင်္ဂလာဆောင်လိုက်ကြ၊ မနက်ဖြန်သေကြရမည်–ဆိုသောဘဝမျိုးလား? သို့မဟုတ်လျှင် ဘဝဆိုသည်ထိုထက်မကသောအရာများပါဝင်နေသေးသလား? အကယ်၍ပါဝင်နေခဲ့လျှင် ဘယ်အရာမျိုးဖြစ်မည်နည်း?

ရှေ့ဆက်ပြောရလျှင် အောက်ဖက်ကမ္ဘာကြီးထဲမှာရှင်သန်နေကြသောကျွန်တော်တို့ဘဝသည် ဘုရားသခင်နှင့်ဆက်စပ်နေသောဘဝဖြစ်သောကြောင့်၊ ထိုဆက်စပ်မှုသည်အဘယ်နည်း?ဟူ၍မေးခွန်းထုတ်ရန်လိုနေပြန်သည်။ အမှန်အားဖြင့် ကျွန်တော်တို့ဘဝထဲမှ ထိုအစိတ်အပိုင်း(ဘုရားသခင်နှင့်ဆက်စပ်မှု)သည်အရေးအကြီးဆုံးသောအပိုင်း ပင်ဖြစ်၏။

သို့သော် သခင်ယေရှုကနောက်လာဦးမည့်ဘဝအကြောင်းကိုလဲပြောပြထားသေးသည်။ သေခြင်းသည်ဖြစ်တည်မှု ၏ အဆုံးသတ်မဟုတ်ပါ။ သင်္ချိုင်းဂူသည်အပြီးအပိုင်သုတ်သင်ခံရခြင်းမဟုတ်ပါ။ ယခုဘဝ၏အလွန်တွင်၊ ကျွန်တော်တို့ကို ဤကမ္ဘာထဲမှသေခြင်းတရားကယူဆောင်သွားပြီးနောက်တွင်၊ ကျွန်တော်တို့မဖြစ်မနေဝင်ရောက်ကြရမည့် ရင်ဆိုင်ကြရမည့်–ထာဝရကာလကြီးရှိနေသည်။ ဤလာလတ္တံ့သောဘဝသည်လည်း ထူးခြားထင်ရှားသောအဓိပ္ပါယ်များရှိနေသည်။ ထိုဘဝမှာ လည်းကျွန်တော်တို့သည်

ဘုရားသခင်နှင့်ဆက်ဆံနေကြလိမ့်ဦးမည်။ သို့သော် ထိုလာလတ္တံ့သောဘဝတွင် ဘုရားသခင်နှင့် ဆက်ဆံရမည့်ပုံစံသည် ယခုမျက်မှောက်ဘဝမှဘုရားသခင်နှင့်ဆက်ဆံနေပုံအားဖြင့် ဆုံးဖြတ်ခြင်းခံရလိမ့်မည်ဖြစ်၏။ နောင်လာလတ္တံ့သောဘဝအတွက် ကျွန်တော်တို့၏လက်ရှိဘဝက ဘယ်လိုဆက်ဆံရေးမျိုးကို ပေါ်ဆောင်ပေးနေပါသနည်း? သေချာလှသည်မှာ ထိုဘဝနှစ်ခုသည် တခုနှင့်တခုလုံးဝအဆက်အစပ်မရှိဘဲ သီးခြားစီဖြစ်နေကြခြင်းမဟုတ်ပါ ဆိုသောအချက်ပင်ဖြစ်၏။ ထိုနှစ်ခုသည် အခြေခံအားဖြင့်အတူတူပင်ဖြစ်ကြ၏။ ၎င်းတို့သည် လူတဦးထဲကရှင်သန်နေခြင်းဖြစ်သည်၊ ထိုသူသည်သေခြင်းတရားထဲမှတဆင့် အခြားသောဖြစ်တည်မှုတခုထဲသို့ကူးပြောင်းသွား၍ဆက်လက်ရှင်သန်နေခြင်းဖြစ်သည်။ ဤဘဝအသွင်နှစ်မျိုးသည် သေခြင်းတရားကြောင့်အ လွန်အမင်းခြားနားမှုရှိသွားကြသော်လည်း အဆုံးမတော့(နှစ်မျိုးပေါင်းတဘဝ)အဖြစ်ရှင်သန်နေခြင်းသာဖြစ်၏။

ပုံဥပမာထဲတွင် ယခုမျက်မှောက်ဘဝကိုသော်၎င်း၊ နောင်လာလတ္တံ့သောဘဝကိုသော်၎င်း ရုပ်ခန္ဓာပိုင်းဆိုင်ရာရှုထောင့်အားဖြင့်သာမကဘဲ၊ ဝိညာဉ်ပိုင်းဆိုင်ရာရှုထောင့်အားဖြင့်ပါ ဆွေးနွေးဆန်းစစ်ထားကြောင်းကို အံ့သြဖွယ်ရာတွေ့ရှိရ ၏။ မိုက်မဲသောသူဌေးမင်းသည် သူ့ဝိညာဉ်ကိုအလေးအနက်ရည်စူးပြောဆိုထားသည်ကိုတွေ့ရသည်။ သူသည် ရုပ်ခန္ဓာဆိုင် ရာဘဝအတွက် ဦးစားပေးသူဖြစ်သော်လည်း၊ သူ့ဝိညာဉ်ဘဝသည်လည်းအရေးပါကြောင်းကို ကောင်းစွာသဘောပေါက်ထား ကြောင်းတွေ့ရသည်။ သူကသူ့ကိုယ်သူ– "အချင်းဝိညာဉ်၊ သင်သည်နှစ်ပေါင်းများစွာ သုံးဆောင်ရန်...သိုထားပြီ၊ ... ပျော်မွေ့စွာနေလော့"ဟု ပြောနေကြောင်းတွေ့ရ၏။

ဝိညာဉ်ရှိခြင်းအကြောင်းသည် ဘုရားကိုငြင်းပယ်သည့် အိမ်ဖော်လူးရှင်းသီအိုရီ(လူသည်မျောက်ကဆင်းသက်လာသည်ဟုခံယူသူ)များအတွက်တော့နေရာမရှိပါ။ သို့သော်လည်းသမ္မာကျမ်းစာက လူသည်ဝိညာဉ်ရှိယုံတင်သာမကဘဲ၊ လူသားကို ဘုရားသခင်နှင့်မိဿဟာယဖွဲ့နိုင်သောအခြေအနေသို့ ပို့ဆောင်ပေးသည့်ဝိညာဉ်ရေးရာ သွင်ပြင်လက္ခဏာတရပ်လဲဖြစ်ကြောင်းပြောပြနေ၏။ လူသားသည် တိရိစ္ဆာန်ထက်ပို၍မြင့်သောအဆင့်အတန်းတွင် ရပ်တည်နေနိုင်ခြင်းမှာ လူသားသည် လောကထဲမှသတ္တဝါများနှင့်ဆက်ဆံပတ်သက်ခြင်းရှိနေသကဲ့သို့၊ တချိန်ထဲမှာပင် ကောင်းကင်ဘုံမှအရာများ၊ ဘုရားသခင်၏အရာများနှင့်လဲ ဆက်ဆံပတ်သက်နေသောကြောင့်ဖြစ်သည်။ သူ၏ဝိညာဉ်သည်သူ့ စိတ်နှလုံးနှင့် အလိုဆန္ဒတို့၏ အရင်းအမြစ်ဖြစ်သည်။ သူ့ဝိညာဉ်ထဲမှနေ၍ တွေးတောခြင်း၊ လိုအင်ဆန္ဒရှိခြင်း၊ လိုချင်ခြင်း၊ ရည်မှန်းချက်ကြီးကြီးထားခြင်း၊ မျှော်လင့်ခြင်း၊ တမ်းတခြင်း၊ လေးလေးနက်နက်တွေးခေါ်ခြင်း၊ ဆင်ခြင်အောက်မေ့ခြင်း(နှလုံးသွင်းခြင်း)...စသည့်ဂုဏ်သတ္တိတို့ကို ပေါ်ထုတ်ပေးလိုက်ခြင်းဖြစ်သည်။ ဤဝိညာဉ်ဆိုသည့်အရာကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာလေ့လာကြည့်လိုက်သောအခါ လူသားဖြစ်တည်နေမှု၏ပင်မအရင်းအမြစ်စစ်စစ်ကြီးပင်ဖြစ်ကြောင်းတွေ့ရ၏။ လူသားသည်သူ့ဝိညာဉ်၏ အတွင်းအကျဆုံးနေရာမှ ညွှန်ကြားလိုက်သည့်အတိုင်း အပြင်ဖက်ရုပ်ပိုင်းဆိုင်ရာကမ္ဘာထဲတွင်ဆက်ဆံပြုမူနေခြင်းဖြစ်သည်။

ထို့ကြောင့်"အဘယ်အရာထဲတွင်သင့်ဘဝတည်မှီနေသနည်း?"ဟူသောမေးခွန်းသည်ရုပ်ပိုင်းဆိုင်ရာဘဝအတွက်သာမက ဝိညာဉ်ဘဝအတွက်လဲသက်ဆိုင်နေပေ၏။ ဤမေးခွန်းသည် ကျွန်တော်တို့၏ရုပ်ပိုင်းဆိုင်ရာဘဝ သာယာစေရေးနှင့်သော်၎င်း၊ ဝိညာဉ်ပိုင်းဆိုင်ရာဘဝသာယာစေရေးနှင့်သော်၎င်း သက်ဆိုင်နေပါသည်။ ထို့ကြောင့် ဤသို့မေးခွန်းထုတ်လိုက်ခြင်းသည်–ကျွန်တော်တို့အတွင်းထဲတွင် စစ်မှန်သောငြိမ်းချမ်းရေးနှင့်တိတ်ဆိတ်မှုကို မည်သည့်အရာက ယူဆောင်လာမည်နည်း–ဟု မေးလိုက်ခြင်းပင်ဖြစ်၏။ စစ်မှန်သောကောင်းချီးမင်္ဂလာနှင့် ဝမ်းမြောက်ခြင်းတို့အကြောင်း မေးမြန်းလိုက်ခြင်းပင်ဖြစ်၏။ စစ်မှန်သောပျော်ရွှင်ခြင်းနှင့် တင်းတိမ်ရောင့်ရဲခြင်းတို့၏ သဘောသဘာဝအထဲသို့ ဝင်ရောက်စူးစမ်း လိုက်ခြင်းပင်ဖြစ်၏။ ဤသည်ပင် ဝိညာဉ်၏ဘဝဖြစ်၏။

ထိုသို့ဖြစ်သောကြောင့်–"အဘယ်အရာထဲမှာဘဝတည်မှီနေပါသနည်း?– ဟူသောမေးခွန်းသည် မည်မျှအရေးကြီးသော မေးခွန်းဖြစ်ပါသနည်း!

မည်သည့်အရာအထဲမှာ လူသား၏ဘဝတည်မှီခြင်းမရှိသနည်း

သခင်ယေရှုက လေးနက်စွာဖြင့်–"လူသား၏ဘဝသည် သူပိုင်ဆိုင်သောစည်းစိမ်ဥစ္စာများတွင်တည်မှီမနေပါ"(လုကာ ၁၂:၁၅)–ဟုသွန်သင်ပေးခဲ့၏။

သူဌေးကြီးကတော့တိုက်ရိုက်ဆန့်ကျင်ဖက်စိတ်သဘောရှိနေခဲ့၏။ သူ့ဘဝသည် သူပိုင်ဆိုင်သောအရာများအပေါ်တွင်သာ လုံးဝဥဿုံတည်မှီနေ၏။ ဤအရာသည် လူပေါင်းများစွာအတွက်လဲမှန်ကန်နေ၏။ သို့သော် ဤကဲ့သို့အမြေပေးကြသူတိုင်းသည် ပုံဥပမာထဲမှသူဌေးကြီးနှင့် ထပ်တူထပ်မျှမိုက်မဲသောသူများပေတည်း။

မိုက်မဲခြင်းသည် ဝိညာဉ်ရေးရာမှားယွင်းခြင်း၊ ကိုယ်ကျင့်တရားဆိုင်ရာအပြစ်ပြုခြင်း–ပင်ဖြစ်၏။ သို့သော် လူများစွာက မိုက်မဲခြင်းသည်–ဥပေက္ခာပြုခြင်းသဘောနှင့် ထိုသို့ပြုရာမှဖြစ်ပေါ်လာသော(သူတို့ကိုအပြစ်တင်၍မရ သော)မှားယွင်းမှုတို့ကို အထင်မှားပြီးအဆိုးပြောခြင်းမျှသာဖြစ်သည်ဟု ထင်မြင်နေကြ၏။ မည်သို့ပင်ဖြစ်စေ ဤအယူအဆသည် မိုက်မဲခြင်းနှင့်ပတ်သက်သော–ဝိညာဉ်ရေးရာအယူအဆတော့မဟုတ်ပါ။ စစ်မှန်သောဉာဏ်အမြော်အမြင်ရှိခြင်းသည် (သခင်ယေရှု၏ လက်ဝါးကပ်တိုင်တော်မှတဆင့်) ကျေးဇူးတော်ကြောင့်ပေးအပ်ထားသော ဝိညာဉ်ရေးရာ အကျင့်သီလကောင်းဖြစ်သလိုပင်၊

မိုက်မဲခြင်းသည်လည်း ကိုယ်ကျင့်တရားမှားယွင်းခြင်း၊ ဘုရားသခင်အားဆန့်ကျင် အပြစ်ပြုခြင်းပင်ဖြစ်၏။ မိုက်မဲခြင်းသည် ဥပေက္ခာပြုခြင်းမှပေါ်ထွက်လာခြင်းမဟုတ်၊ ဆွေးမြေ့ယိုယွင်းပြီးပျက်စီးနေသောဇာတိထဲမှနေ၍ထွက်ပေါ်လာခြင်းဖြစ်၏။ ၄င်းသည် အသိပညာနည်းပါးမှုတွင်အစပြုလာခြင်းမဟုတ်ဘဲ ဘုရားသခင်အားဆန့်ကျင်ပုန်ကန်ခြင်းမှအစပြုလာခြင်းဖြစ်၏။ ၄င်းသည် တမင်သက်သက်၊ သိသိကြီးနှင့်၊ လုပ်ချင်စိတ်ပြင်း ပြစွာဖြင့်၊ ဘုရားသခင်အားခါးသည်းစွာမုန်းတီးခြင်းသာဖြစ်၏။ မုန်ကန်ကြောင်းသိနေလျက်နှင့် ဆက်၍မိုက်သူသည် ဘုရားသခင်အား လှောင်ပြောင်သရော်သူဖြစ်၏။

၄င်း၏စရိုက်လက္ခဏာများအရဆိုလျှင် မိုက်မဲခြင်းသည် အကြောင်းအရာတခုကို စစ်မှန်သောလက်တွေ့အလင်းရောင်အောက်တွင်ဆန်းစစ်တန်ဖိုးဖြတ်ဖို့ငြင်းဆန်ခြင်းပင်ဖြစ်၏။ မိုက်မဲသူသည် အမှန်တရားကိုသိလျက်နှင့်မလိုချင်သောသူဖြစ်၏။ သူသည် အစစ်အမှန်တရားကို သူ၏နှလုံးသားထဲမှအပြစ်လွှမ်းသောအထင်အမြင်များနှင့် တွန့်လိမ်ရှုံ့တွ(ပုံပြောင်း)အောင်လုပ်လိုက်၏။ သူသည်အရာခပ်သိမ်းကိုတန်ဖိုးဖြတ်၊တန်ဖိုးသတ်မှတ်ခြင်းပြုရာတွင် အစစ်အမှန်သဘောအတိုင်းမလုပ်ဘဲ၊ သူ၏အပြစ်လွှမ်းသောအထင်အမြင်အားဖြင့်သာလုပ်တတ်သည်။ ထို့နောက်သူ၏အပြစ်လွှမ်းသော၊ မှားယွင်းသော တန်ဖိုးဖြတ်သတ်မှတ်ခြင်းအပေါ်တွင် မူတည်၍စီရင်ဆုံးဖြတ်ပြီး၊ ထိုဆုံးဖြတ်ချက်အတိုင်း လက်တွေ့လုပ်ဆောင်လေ့ရှိသည်။ ထို့ကြောင့် သူ၏နိဂုံးသည် အမြဲတမ်းပင်ခါးသည်းခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ခြင်း–ပြည့်နေတော့၏။ မိုက်မဲသူက ဘုရားသခင်၏အမိန့်တော်အတိုင်း အရာခပ်သိမ်းသည်နိဂုံးချုပ်ရလိမ့်မည်ဖြစ်ကြောင်း အစစ်အမှန်တရားကိုသိနေသည်။ သို့သော် ဤသို့ဖြစ်ခြင်းကိုမုန်းတီးသည်၊ အသိအမှတ်ပြုချင်စိတ်မရှိ၊ ထိုအမှန်တရားကိုလဲငြင်းပယ်သည်။ ထို့အစား သူက အရာခပ်သိမ်းသည် ထာဝရမပျက်မစီးနိုင်ပါဟုကြွေးကြော်သည်။ မြေကြီးသည်မပြောင်းမလဲအမြဲတည်နေမည်၊ ထို့ကြောင့် သူ့ဘဝကိုလဲ ခိုင်မာအောင်ထူထောင်ရမည်–ဟုတွေးခေါ်သည်၊ အပြေမှာ ပျက်စီးဆုံးရှုံးခြင်းသို့သာဦးတည်နေ၏။ ဤမိုက်မဲခြင်းကို ပုံဥပမာထဲတွင် ပီပြင်စွာသရုပ်ဖေါ်ပေးထားသည်။

မိုက်မဲသူသည်လေးနက်သော၊ တမင်သက်သက်လုပ်ခြင်းဖြစ်သော အမှားများကိုကျူးလွန်ခဲ့သည်။ (ပထမဆုံး) သူ ၏လောကီပိုင်ဆိုင်မှုများကို အကြောင်းပြု၍–သူ့ကိုယ်သူထိုအရာအားလုံး၏အရှင်သခင်ဖြစ်သည်ဟုထင်ခဲ့သည်။ သူ့လယ်ကွင်း၊ သူ့မွေးမြူရေးခြံ၊ သူ့ကောက်ရိတ်သိမ်းခြင်း၊ သူ့စပါးကျီနှင့်ဂိုထောင်၊ သူ့ဝိညာဉ်–အကြောင်းများကိုသာ ပြောနေသည်။ ဤသို့ပြုမူခြင်းသည် အလေးနက်ဆုံးသောအမှားပင်ဖြစ်ပြီး သူ့ဥစ္စာတပ်မက်ခြင်းအားလုံး၏အရင်းအ မြစ်ပင်ဖြစ်၏။

(ဒုတိယအချက်) သူပိုင်ဆိုင်ထားသောအရာများသည်ကြာရှည်ခံမည့်အရာများဖြစ်သည်ဟု သူကထင်နေသည်။ ထိုအရာများကို ပို၍ပို၍မြင့်မားအောင် တည်ထောင်နေသည်။ ထိုအရာများကို စုဆောင်းသိုလှောင်နေလိုက်သည်မှာ နောက်ဆုံး ထိပ်ဖြားကိုမမြင်နိုင်တော့သည့်တိုင်အောင်ဖြစ်သည်။ သူသည် ပို၍ပို၍ကြီးမားသော စပါးကျီကြီးများနှင့် ဂိုထောင်ကြီးများကိုတည်ဆောက်လျက် သူရှိသောအရာများနှင့်ပြည့်ဆည်းလေ၏။ ထိုအရာအားလုံးသည်သူ့ ဘဝဖြစ်၏။ ထိုအရာများသည် ကာလကြာရှည်စွာတည်တံ့လိမ့်မည်၊ သူ့ခန္ဓာနှင့်ဝိညာဉ်အတွက် လိုအပ်သမျှအရာအားလုံးကို ထောက်ပံ့ပေးလိမ့်မည်၊ သူလုပ်စရာဆိုလို့ စည်းစိမ်ခံစားခြင်းသာရှိတော့မည်ဟု တွေးထင်ထား၏။ သူလိုချင်သမျှ အရာအားလုံးကို ရရှိထားခြင်းတည်းဟူသော တောက်ပသည့်အနာဂတ်ကို ပိုင်ဆိုင်ထားပြီဟုထင်မြင်နေ၏။

(တတိယအချက်) ထိုအရာများက သူ့ဝိညာဉ်၏လိုအပ်ချက်များကိုလဲကျေနပ်စေနိုင်မည်ဟုထင်မြင်နေ၏။ ပုံဥပမာထဲတွင်–" ငါ့ဝိညာဉ်အားလည်း၊ အချင်းဝိညာဉ်၊ သင်သည်နှစ်ပေါင်းများစွာသုံးဆောင်ရန်ဥစ္စာများကို သိုထားလျက်ရှိပြီ ငြိမ်ဝပ်စွာနေလော့။ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းကိုပြုလော့၊ ငါပြောမည်"–ဟု အလေးအနက်တွေးတောနေကြောင်းကို တွေ့ရ၏။ မည်မျှမိုက်မဲသောသူဖြစ်ပါသနည်း! သူသည်နှစ်အများကြီးကြာရှည်ခံမည့်အကြောင်း ပြောနေ၏၊ သို့သော် သူမှားသွားသည်။ ထိုညတွင်းချင်းမှာပင် သူ့ဝိညာဉ်ကိုတောင်းဆိုလာခြင်းခံရသည်။ သူ့အမှားက ထိုမျှသာမဟုတ်သေးပါ။ အကယ်၍ သူစုဆောင်းထားသောပစ္စည်းများက သူ့ကိုနှစ်ပေါင်းများစွာပျော်ရွှင်စေနိုင်လျှင်လည်း သူသည်ထာဝရကာလကြီးတခုလုံး ရင်ဆိုင်ဖို့ရှိနေသေး၏။ ဤကိစ္စသည်အတော်ကြီးကွဲပြားခြားနားခြင်းရှိ၏။ သူကလောကီဥစ္စာပစ္စည်းများသည် ဝိညာဉ်အတွက်အစာဖြစ်ကြောင်း သူ့ကိုယ်သူသွေးဆောင်နေခြင်းကြောင့် မိုက်မဲသူဖြစ်ရပြန်၏။ သူက သူ့ဝိညာဉ်သည် လောကီပျော်မွေ့ခြင်းများအားဖြင့် အာသာပြေ၍ငြိမ်သက်ခြင်းရနိုင်လိမ့်မည်ဟု တွေးထင်လျက် စားသောက်ခြင်း၊ ပျော်မွေ့ခြင်းများဖြင့်သူ့ဝိညာဉ်ကို ပျော်တော်ဆက်ဖို့ကြိုးစားနေ၏။ ဤလိုချင်တပ်မက်ခြင်းပြည့်သောလူသားသည် ကမ်းကုန်အောင် မိုက်မဲလှပါကလား။

မှန်ပါသည်၊ ဤမိုက်မဲသောသူဌေးကိုစက်ဆုပ်ရွံရှာသောလက်ညှိုးငေါက်ငေါက်ထိုး၍ကဲ့ရဲ့ရင်းနှင့် ဤပုံဥပမာထဲတွင် ပြစ်တင်ရှုံ့ချထားသောအပြစ်များသည် ကျွန်တော်တို့၏ နေ့စဉ်လက်တွေ့ဘဝထဲတွင် အမှန်တကယ်ကျူးလွန်နေကြသော အပြစ်များဖြစ်ကြောင်းကို မေ့လျော့ရန်အလွန်လွယ်ကူပါသည်။ မိုက်မဲသောသူဌေး၏မိုက်မဲသောလုပ်ရပ်များကို လူဆိုးတို့၏ ကမ္ဘာထဲတွင်တွေ့ရယုံသာမကဘဲ၊ ကောင်းကင်နိုင်ငံသားအများစုတို့၏ အသက်တာများထဲတွင်လဲ တွေ့နေရသည်။ မကြာခဏပင် ကျွန်တော်တို့ထံတွင်ရှိသောအရာများကို ကျွန်တော်တို့ပိုင်ဆိုင်သောအရာများကဲ့သို့ ရည်ညွှန်းပြောဆိုတတ်ကြသည် မဟုတ်ပါလား? မကြာခဏပင် ကျွန်တော်တို့၏ လောကီဆိုင်ရာပစ္စည်းများသည် ဘယ်တော့မှ မပျက်တော့မည့်အရာများကဲ့သို့ ထင်မှတ်အသက်ရှင်တတ်ကြသည် မဟုတ်ပါလား? ကျွန်တော်တို့၏ရဲတင်းမှုသည် ထို မိုက်မဲသောသူဌေးလောက် (စိတ်

ထဲရှိသည့်အတိုင်းကျယ်လောင်စွာထုတ်ပြောသလို) ပြောင်ပြောင်တင်းတင်း ဖြစ်ချင်မှဖြစ်မည်။ သို့သော် ကျွန်တော်တို့ဘဝ ရှင်သန်ပုံနှင့် ကျွန်တော်တို့အတွင်းစိတ်ကို ထုတ်ဖော်ပြသခြင်းဖြစ်သော ပြောဆိုပြုမူခြင်းများက ထိုသူ၏ ကျယ်လောင်သော စကားသံများနှင့် ထပ်တူထပ်မျှ ဖြစ်နေတတ်သည်။ ကျွန်တော်တို့ထံမှာရှိသောအရာများကို ကျွန်တော်တို့ပိုင်သောအရာများ ဟု မှတ်ယူထားခြင်းက၊ ထိုအရာများထဲမှ အများစုကြီးကို အပိုင်သိမ်းထားဖို့အရေး ကျွန်တော်တို့စိတ်နှလုံးများကိုအလုပ်ပေး နေကြသည် မဟုတ်ပါလား? ကျွန်တော်တို့ဘဝသည် ကျွန်တော်တို့ပိုင်သောအရာများ(အလျှံပယ် ပေါများနေခြင်း ရှိမရှိအ ပေါ်)တည်မှီနေသကဲ့သို့ အသက်ရှင်နေတတ်ကြသည်။ ကျွန်တော်တို့၏အောင်မြင်ခြင်းကို ငွေကြေးပမာဏဖြင့်၊ အာမခံ ပေါ်လစီနှင့် ပင်စင်ဆုကြေးများဖြင့်၊ တိုင်းတာချိန်တွယ်ချင်ကြသည်၊ ထို့ကြောင့် ကျွန်တော်တို့များများပိုင်လေလေ၊ များများ စိတ်ချမ်းသာလေလေ ဖြစ်လိမ့်မည်ဟု တွေးထင်နေတတ်ကြသည်။ ကျွန်တော်တို့ဝိညာဉ်၏ငြိမ်းချမ်းခြင်းကို ငွေဘုရား၏စမ်း ချောင်းတွင်၊ ပျော်ရွှင်ခြင်းကို အိမ်ယာခြံမြေကိုးကွယ်ခြင်းတွင်၊–ရှာတွေ့ဖို့ကြိုးစားကြသည်။ ကျွန်တော်တို့တွင် ယခုထက် ငွေ နည်းနည်းပိုရှိခဲ့လျှင် ကျေနပ်ရောင့် ရဲခြင်း ကျိန်းသေပေါက်ရနိုင်လိမ့်မည်ဟုထင်တတ်ကြသည်။

ထိုအရာများအဘယ်မျှမိုက်မဲပါသနည်း။ ထိုသူဌေး၏ပစ္စည်းများသည်သူပိုင်သောအရာများမဟုတ်ပါ။ မှန်ပါသည်၊ သူ့လယ်ကွင်းများက အလျှံပယ်ထုတ်လုပ်ပေးခြင်းဖြစ်သည်၊ သို့သော် ထိုလယ်ကွင်းများ၏ပိုင်ရှင်မည်သူနည်း? တောင်ကုန်း တထောင်ရှိ သိုး၊ နွားများကို သူပိုင်သောအရာအဖြစ်ကြေငြာသော သခင်ဘုရား၏ပိုင်ဆိုင်သောအရာ မဟုတ်ပါလား? အ လျှံပယ်ထွက်ရှိသောကောက်ရိတ်သိမ်းခြင်းဖြစ်ဖို့ရန် လုပ်အားစိုက်ထုတ်ရသည်မှာမှန်ပါသည်၊ သို့သော် သီးနှံပင် ကြီးထွား လာစေဖို့ လိုအပ်သော မိုးရေနှင့်နေရောင်ခြည်တို့ကို မည်သူကပေးပါသနည်း? အချုပ်အချာအာဏာပိုင်သော ဘုရားသခင် သည် မိုးရေနှင့်နေရောင်ခြည်တို့ကို ပေးအပ်သောသူ(သို့)ထိန်းသိမ်းထားသူဖြစ်သည် မဟုတ်လော? ထိုသို့ဖြစ်သောကြောင့် တကယ့်တကယ်၌ မည်သူ့ကောက်ရိတ်သိမ်းခြင်းဖြစ်မည်နည်း? ကောက်ရိတ်သိမ်းခြင်းသည် ဘုရားသခင်ပိုင်သောအရာ ဖြစ် သည်မဟုတ်လော? လူသားသည် ဘုရားသခင်၏မြေပေါ်မှာနေ၍ ဘုရားသခင်၏ကောက်ရိတ်သိမ်းခြင်းမှာ ဘုရားသခင်၏ အစေခံအဖြစ် လုပ်ဆောင်နေခြင်းသာဖြစ်၏။ သူ၏မိုက်မဲခြင်းသည် ဤအမှန်တရားကို ငြင်းပယ်ခြင်းကြောင့် ဖြစ်ပေါ်လာ ခြင်းဖြစ်၏၊ သူကငြင်းပယ်သော်လည်း အမှန်တရားက မပြောင်းလဲနိုင်ပါ။

ကျွန်တော်တို့ထံ၌ရှိသောအရာအားလုံးလဲထိုနည်းတူပင်ဖြစ်၏။ ယနေ့ခေတ် ကျွန်တော်တို့ရရှိသောအရာများသည် လယ်ယာထွန်ယက်စိုက်ပျိုးခြင်းမှ ထွက်ရှိလာခြင်းမဟုတ်ဘဲ ဖြစ်နေနိုင်သည်၊ သို့သော်လည်း မည်သည့်အရာဘဲဖြစ်ဖြစ် ခပ် သိမ်းသောအရာကို ဖြန့်ဖြူးပေးရာ မူလအရင်းအမြစ်ဖြစ်သော အချုပ်အချာအာဏာပိုင်ရှင်၏လက်တော်ထဲမှ ရရှိကြခြင်းသာ ဖြစ်၏။ သူသည်ခပ်သိမ်းသောအရာကို ဖန်ဆင်းတော်မူ၏၊ ထို့ကြောင့် ထိုအရာများကိုပိုင်ဆိုင်တော်မူ၏။ ဘုရားသခင်တပါး တည်းသာ (သူ့စိတ်ထဲကောင်းတယ်ထင်သလို)ပေးကမ်းစွန့်ကြဲနိုင်ခွင့်ကို ပိုင်ဆိုင်ထား၏။ လူတို့ကိုတခုခုပေးအပ်ခြင်း(သို့) ပြန်ယူခြင်းတို့ကို ပြုလုပ်သောအခါတွင် မည်သည့်လူသားမှ စောဒကတက်နိုင်စွမ်းမရှိသော အထူးအခွင့်အရေးအားဖြင့် ပြု လုပ်တော်မူခြင်းဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် အရာအားလုံးသည် ဘုရားသခင်ပိုင်သောအရာဖြစ်ပြီး၊ သူ့လက်တော်ထဲမှ ရောက်ရှိလာခြင်းဖြစ်သောကြောင့်ဖြစ်သည်၊ ကျွန်တော်တို့သည် ဘုရားသခင်၏အိမ်တော်အတွင်းမှာ၊ ထိုအရာများကို သူ့နာ မတော်အတွက်အသုံးပြုကြရသည့် အစေခံများ၊ ဘဏ္ဍာစိုးများ–သာဖြစ်ကြသည်။

ဤမျှနှင့်မကုန်သေးပါ။

လောကီအရာများအထဲတွင် ဝိညာဉ်အတွက်အစားအစာရှာဖွေခြင်းသည် မည်မျှမိုက်မဲလှပါသနည်း! လူမိုက် သူ ဌေးသည် မိုက်မဲသူပီသစွာပင်–“ငါ့ဝိညာဉ်၊ အနားယူလော့”ဟုပြောခဲ့၏၊ သို့သော် ဝိညာဉ်သည်ပြောင်းဖူးပုံထဲတွင် အနားယူ စရာနေရာ ရှာမတွေ့နိုင်ပါ။ “ငါ့ဝိညာဉ်၊ စားလော့၊ သောက်လော့”ဟုပြောခဲ့၏၊ သို့သော် ဝိညာဉ်သည် အမဲကြော်ကို မစား နိုင်၊ ဝိုင်အရက်ကိုမသောက်နိုင်ပါ။ “ငါ့ဝိညာဉ်၊ ဝမ်းမြောက်လော့”ဟုပြောခဲ့၏၊ သို့သော် ဘဝ၏ပေါ်မပြနိုင်အောင် လေးလံ သောဒုက္ခဆင်းရဲများကို လောကီတပ်မက်ခြင်း၊ အပျော်ကျူးခြင်းခွက်ဖလား ထဲတွင် နှစ်မြှုပ်၍မရနိုင်ပါ။

ဤကိစ္စသည် ယခုလက်ရှိဘဝတွင်ပင်မှန်ကန်ခြင်းရှိ၏။ ဘဝသည် ငြိမ်းချမ်းခြင်း၊ တိတ်ဆိတ်ခြင်း၊ သာယာခြင်းနှင့် ပျော်ရွှင်ခြင်းတို့အထဲတွင် နောက်ဆုံးအချိန်၌ပါဝင်ရလိမ့်မည်မဟုတ်လော? မှန်ပါသည်၊ သို့သော် ဤသို့တယုတယ ပျိုး ထောင်၊ အမျှော်လင့်ကြီးမျှော်လင့်ခဲ့ရသော ကောင်းချီးမင်္ဂလာများကို ရုပ်ဝတ္ထုပစ္စည်းများထဲမှ မရရှိနိုင်ပါ။ လူမိုက်တို့ကို လူ မိုက်ဖြစ်စေသည်မှာ– သူတို့ဝိညာဉ်၏ရေငတ်နေသောအဖြစ်ကို ရုပ်ဝတ္ထုများဖြင့်ရေငတ်ပြေအောင်လုပ်ဖို့ ကြိုးစားသောလုပ် ရပ်ကြောင့်ဖြစ်၏။

ဤမျှနှင့်လည်းမပြီးနိုင်သေးပါ။

“အချင်းလူမိုက်၊ ယနေ့ညဉ့်ပင်သင်၏ဝိညာဉ်ကိုရုပ်သိမ်းရာအချိန်ရောက်လိမ့်မည်။ သို့ဖြစ်၍ သင်သည်ပြင်ဆင်သို ထားသော ဥစ္စာကိုအဘယ်သူပိုင်မည်နည်း”ဟု သူဌေးအားမိန့်တော်မူ၏။

သေခြင်းတရားရောက်လာလျှင် ဘယ်အရာမှမလွတ်မြောက်နိုင်ပါ။ သေမင်း၏အရိပ်လွှမ်းမိုးရာတောင်ကြားမှ ဖြတ် သန်းသွားရချိန်တွင် လောကီဥစ္စာတိုးပွားခြင်းသည်အကျိုးမဝင်တော့ပါ။ ၎င်းတို့သည် သချိုင်းဂူထဲသို့ ယူဆောင်သွား၍ မရ သော ဝန်ထုပ်ဝန်ပိုးသာဖြစ်၏။ ၎င်းတို့သည် သေမင်း၏ မရဏတံစဉ်ကြီးက လူသားကို ရိတ်သိမ်းလိုက်ချိန်တွင်ပျောက်လွင့်

ကုန်ကြ၏။ ၎င်းတို့သည်ဤလောကအရာများသာဖြစ်ပြီး၊ သချိုင်းဂူသည် ထာဝရကာလထဲသို့တံခါးဖွင့်လိုက်ခြင်းပင်ဖြစ်၏။ ထို့ကြောင့် (သူနှင့်အတူယူဆောင်သွား၍မရသော) လောကီအရာ၊ ရုပ်ဝတ္ထုပစ္စည်းများကို သာတိုးပွားနေစေသူလူမိုက်သည် အနန္တတန်ခိုးရှင်ဘုရားသခင်ရှေ့တော်မှောက်တွင် ကိုယ်လုံးတီးဘဝနှင့်ရပ်တန့်နေရတော့မည်ဖြစ်၏။

ထို့နောက်တွင် ထာဝရသေခြင်းရောက်လာမည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင့်ရှေ့တော်၌မချမ်းသာသော သူအတွက် အခါးသည်းဆုံးသောငရဲကသာစောင့်ကြိုနေ၍ဖြစ်သည်။ ဤအရာသည် ကမ္ဘာကြီး၏မိုက်မဲခြင်းပင်ဖြစ်တော့သည်။

မည်သည့်အရာထဲမှာလူသား၏ဘဝတည်မှီနေသနည်း

ထိုသို့ဆိုလျှင် မည်သည့်အရာထဲမှာဘဝတည်မှီနေသနည်း? ယခုလက်ရှိဘဝနှင့် ထာဝရကာလနှစ်ခုလုံးပေါင်း၏ ပြည့်စုံသောစံနှုန်းသည် အဘယ်နည်း?

(ပထမဆုံးအချက်)–လိုချင်တပ်မက်စိတ်ကိုသတိထားပါ။ ထို့အတူ လိုချင်တပ်မက်စိတ်အားလုံး၏အရင်းအမြစ်သည် (အရာခပ်သိမ်းဘုရားသခင်ပိုင်ဆိုင်သည်)–ဆိုခြင်းကိုငြင်းပယ်ခြင်းဖြစ်သောကြောင့်၊ လိုချင်တပ်မက်စိတ်ကို သတိထားဖို့ရန် တခုတည်းသောလမ်းစဉ်မှာ (အရာခပ်သိမ်းကိုဘုရားသခင်တပါးတည်းပိုင်ဆိုင်သည်)–ဟူသောအခြေခံစည်းမျဉ်း ဥပဒေသပေါ်တွင်ခိုင်မာစွာ ကျောက်ချရပ်တည်ခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့သည် ဘုရားသခင်၏အိမ်တော်မှ ဘဏ္ဍာစိုးများ၊ အစေခံများသာဖြစ်ကြသည်။ ကျွန်တော်တို့ထံတွင် ကျွန်တော်ပိုင်သည်ဟုပြောနိုင်သောအရာ ဘာတခုမျှမရှိပါ။ ကျွန်တော်တို့၏ အိမ်များ၊ မြေများကို ကျွန်တော်တို့မပိုင်ကြပါ။ ကျွန်တော်တို့၏ဘဝနှင့်ဝိညာဉ်ကိုပင် ကျွန်တော်တို့မပိုင်ကြပါ။ ကျွန်တော်တို့ ရှူရှိုက်နေသောလေသော်၎င်း၊ ကျွန်တော်တို့ရှင်သန်နေရသောအချိန်တိုင်းသော်၎င်း၊ အရာခပ်သိမ်းကို ဖြန့်ဝေပေးသူ အချုပ်အချာအာဏာပိုင် ဘုရားသခင်ထံမှ ရရှိလာခြင်းမျှသာဖြစ်သည်။

အကယ်၍ ဤအခြေခံအတွေးအခေါ်သည် ကျွန်တော်တို့ဘဝထဲတွင် အချုပ်အချာစည်းမျဉ်းဥပဒေ ဖြစ်လာပြီဆိုလျှင် ကျွန်တော်တို့မေးသောမေးခွန်းသည်–"ကျွန်တော်ဘာလုပ်ရမည်နည်း?"မဟုတ်တော့ပါ။ မိုက်မဲသောသူဌေးကတော့ ဤသို့ မေးခွန်းထုတ်ခဲ့ပါသည်။ ကျွန်တော်တို့ကဘုရားသခင်အားမေးရမည့်မေးခွန်းမှာ–"ဘုရားသခင်ကျွန်တော့်ကို ဘာတွေလုပ်ဖို့ ပေးထားသလဲ?"ဟူ၍ဖြစ်သည်။ ဤအရာသည် ဘဝထဲတွင် ဘုရားသခင်က ကျွန်တော်တို့အား ပေးအပ်ထားသော အရာအားလုံးအတွက် အခြေခံဥပဒေသပင်ဖြစ်၏။ ကျွန်တော်တို့၏ (အိမ်များနှင့်မြေများ၊ စားစရာနှင့်သောက်စရာများ၊ မော်တော်ကားနှင့် အဝတ်အထည်များ၊ ခိုလှုံရာအရိပ်နှင့်နေရောင်ခြည်) ဘုရားသခင် ပေးအပ်ထားသောအရာအားလုံးကို ဘုရားသခင်က ဘယ်လိုသုံးစေချင်ပါသနည်း? ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ ဤသို့မေးခွန်းထုတ်ခြင်းက လိုချင်တပ်မက်စိတ်မှ နေ၍ ကာကွယ်ပေးလိမ့်မည်ဖြစ်၏။ ဤသို့လုပ်ခြင်းတခုတည်းကသာ ကျွန်တော်တို့အသက်တာထဲတွင် (ဘုရားသခင်က သူစိတ်သဘောတွေ့သည့်အတိုင်း ပေးအပ်လိုက်သောအရာများ၊ ပြန်ယူလိုက်သောအရာများ–အားလုံးအပေါ်တွင်) စစ်မှန်စွာ ကျေနပ်ရောင့်ရဲခြင်းစိတ်ကို ယူဆောင်ပေးနိုင်မည်ဖြစ်သည်။ ထိုအခါကျမှသာ ကျွန်တော်တို့သည် တမန်တော်ကြီးရှင်ပေါလုနှင့်အတူ–"ငါသည်လိုချင်သောစိတ်ကြောင့် ဤသို့ပြောခြင်းမဟုတ်၊ အကြောင်းမူကား ငါသည်ဘယ်လိုဘဝမျိုးဘဲ ရောက်နေပါစေ၊ ရောင့်ရဲတင်းတိမ်စိတ်ရှိနိုင်ရန် သင်ယူပြီးခဲ့ပြီ"–ဟုပြောနိုင်ကြမည်ဖြစ်၏(ဖိလိပ္ပိ ၄း၁၁)။ ထိုအခါကျမှသာ ဟေဗြဲဩဝါဒစာ၏ –"သင်တို့၏ စကားပြောဆိုခြင်းသည်လိုချင်တပ်မက်ခြင်း ကင်းစေကြလော့၊ ထို့အတူ သင်တို့ထံ၌ရှိသောအရာနှင့် ရောင့်ရဲတင်းတိမ်ခြင်း ရှိစေကြလော့၊ အဘယ့်ကြောင့်ဆိုသော် သခင်ဘုရားက–ငါသည် သင့်ကို ဘယ်သောအခါမှ စွန့်ပစ်မည်မဟုတ်သလို မေ့လျော့ခြင်းလည်း ရှိမည်မဟုတ်ဟု မိန့်မှာထားသောကြောင့်ဖြစ်သည်"–ဟူသောဆုံးမသံကို လက်တွေ့ကျင့်သုံးနိုင်လာကြမည်ဖြစ်၏(ဟေဗြဲ ၁၃း၅)။

ဤအရာများကို ကောင်းစွာနားလည်ခြင်းရှိကြသောအခါတွင် အောက်ဖက်ကမ္ဘာထဲမှ ကျွန်တော်တို့ဘဝများသည် (ကောင်းကင်ဘုံသွားခရီးသည်)များဖြစ်လာနိုင်ကြမည်ဖြစ်၏။ ကျွန်တော်တို့သည် နေစရာမြို့မရှိသောသူများကဲ့သို့လမ်းလျှောက်နေကြ၏။ ထို့အတူ ဤကဲ့သို့ ကျွန်တော်တို့လျှောက်လှမ်းနေကြရင်းနှင့် ကျွန်တော်တို့၏ဘဏ္ဍာစိုးဘဝသည် အချိန်မရွေးအဆုံးသတ်သွားနိုင်သည်ဟူသောအသိစိတ်ဖြင့် (ကောင်းကင်ဘုံသွားခရီးလမ်း)ကိုလျှောက်နေကြခြင်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်တော်တို့ကို အိမ်သို့ပြန်ခေါ်လိုက်နိုင်သည်၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ခြေလှမ်းများသည် ထိုအိမ်ရှိရာသို့ဦးတည်၍သွားနေကြခြင်း ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ရရှိလာသောအရာများသည် ကျွန်တော်တို့၏ထာဝရပန်းတိုင်သို့သွားသောခရီးတွင် အထောက်အကူရစေရေးအတွက်သာဖြစ်ကြသည်။ ထိုအရာများကို အသုံးပြုရင်းနှင့် ကျွန်တော်တို့၏အချိန်တိုင်းအချိန်တိုင်းကို– ဘုရားသခင်က ဤဘဝထဲမှာ သူ၏သက်သေခံအဖြစ် လျှောက်လှမ်းရန်ခေါ်ထားခြင်းခံရသူများ၊ မနက်ဖြန်တွင် သူ့ရှေ့တွင် အစီအရင်ခံ စာတင်ပြဖို့ ပြန်ခေါ်ခြင်းခံရနိုင်သူများ၊–အဖြစ်အသက်ရှင်ကြရမည်ဖြစ်သည်။

ဤဘဝသည် ဝိညာဉ်၏ဘဝလဲဖြစ်သည်။ ဝိညာဉ်သည် ပေါင်မုန့်မစားနိုင်သလို၊ ဝိုင်အရက်မသောက်နိုင်ပါ။ ကျွန်တော်တို့သည် ဘုရားသခင်နှင့် ပို၍မြင့်သောမိဿဟာယပြုခြင်းဖြင့် ရှင်သန်နေကြသည်၊ ထိုမိဿဟာယကိုသခင်ယေရှုအား

ဖြင့် ရရှိခြင်းဖြစ်သည်။ ကျွန်တော်တို့သည် မွေးရာပါအားဖြင့် ဘုရားသခင်၏အိမ်တော်တွင် သူပုန်များဖြစ်ကြသည်၊ အပြစ်မှ လွဲ၍ ကျန်တာဘာမှမလုပ်သော သူပုန်များဖြစ်ကြသည်။ ကျွန်တော်တို့သည် သခင်ယေရှု၏လက်ဝါးကပ်တိုင်တော်၏တန်ခိုး အားဖြင့်သာ ဘုရားသခင်နှင့်မိသဟာယဖွဲ့ခွင့် ပြန်လည်ရရှိလာကြခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ အိမ်တော်၌ ဘဏ္ဍာစိုးများကဲ့သို့နေထိုင်ခွင့်ကို ကျေးဇူးတော်အားဖြင့်ရရှိကြခြင်းဖြစ်သည်။ ကျွန်တော်တို့သည် မြေကြီးပေါ်မှာ (ကောင်းကင်ဘုံသွားခရီးသည်များ)အဖြစ်နှင့် တစိမ်းတရံဆံများအဖြစ်နေထိုင်နိုင်ကြခြင်းမှာ ယုံကြည်ခြင်း၏ တန်ခိုးကြောင့် ဖြစ်ပြီး၊ ယုံကြည်ခြင်းကိုလဲ ဘုရားသခင်က လက်ဆောင်အဖြစ် ပေးအပ်လိုက်ခြင်းသာဖြစ်သည်။

ထိုကဲ့သို့ဖြစ်နေသောကြောင့် ကျွန်တော်တို့၏ဝိညာဉ်များကို အသက်စမ်းရေထွက်ရှိရာ စမ်းရေပေါက်သို့ခေါ်ဆောင်သွားကြရမည်။ ကျွန်တော်တို့ဝိညာဉ်ကို ခွန်အားဖြစ်စေနိုင်သောအစားအစာမှာ ဘုရားသခင်၏နှုတ်ကပတ်တော် ပေါင်မုန့်ဖြစ်သည်။ ကျွန်တော်တို့၏ရေငတ်ခြင်းကိုပြေစေနိုင်ပြီး၊ နောက်ဘယ်တော့မှရေမငတ်တော့အောင် စွမ်းဆောင်နိုင်သောရေမှာ ကျွန်တော်တို့၏သခင်ယေရှုခရစ်တော်နှင့် သူ၏ဝိညာဉ်တော်တို့ဖြစ်သည်။ ကျွန်တော်တို့၏ဝိညာဉ်များကို သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းစင်ကြယ်ခြင်း၊ (သားတော်ယေရှုခရစ်တော်ထံမှတဆင့်) ဘုရားသခင်နှင့်အတူတကွ မိသဟာယပြုနိုင်ခွင့် ရရှိခြင်းကြောင့် ထွက်ပေါ်လာသောငြိမ်းချမ်းခြင်းနှင့်ပျော်ရွှင်ခြင်း–တို့အားဖြင့်ကျွေးမွေးပြုစုရမည်ဖြစ်၏။

ဤကောင်းကင်မှလာသောဝိညာဉ်ရေးရာအစားအစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ကယ်တင်ခြင်း၏ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်း–အားဖြင့်ကျွန်တော်တို့ထံသို့ရောက်လာနိုင်ခြင်းဖြစ်သည်။ ဤသခင်ဘုရား၏စားပွဲတော်တွင် ကျွန်တော်တို့ စားကြ၊သောက်ကြ၊ပျော်ရွှင်ကြရမည်ဖြစ်သည်။ ဤအသက်စမ်းရေစီးဆင်းရာ စမ်းရေပေါက်တွင်သာ ကျွန်တော်တို့လိုအပ်သမျှ အရာအားလုံးကို ရရှိကြခြင်းဖြစ်သည်။ အကယ်၍ဘဝသည် ပျော်ရွှင်ခြင်းနှင့် ဝမ်းမြောက်ခြင်း၊ ငြိမ်းချမ်းခြင်းနှင့်တိတ်ဆိတ်ခြင်း၊ သာယာခြင်းနှင့်ကြည်လင်ခြင်း–တို့ပါဝင်ပါလျှင် ထိုအရာများသည် (ဘုရားသခင်က ထောက်ပံ့ပေးသော၊ ကျွန်တော်တို့ကိုကျွေးမွေးသော)စစ်မှန်သောကောင်းကင်မုန့်အားဖြင့်သာ ရရှိနိုင်ပါမည်။ ဤအကြောင်းအရာသည် စစ်မှန်သောဉာဏ်ပညာဖြစ်သည်။ ဘဝသည် ဤအကြောင်းအရာထဲတွင်တည်မှီနေပါသည်။

ထိုသို့အားဖြင့် ကျွန်တော်တို့သည် ဘုရားသခင်ရှေ့တော်မှာကြွယ်ဝချမ်းသာသူများဖြစ်လာကြမည်ဖြစ်သည်။ ကျွန်တော်တို့ဝိညာဉ်များကို ကျွန်တော်တို့ထံမှတောင်းဆိုသောအချိန်ရောက်ရှိလာဦးမည်ဖြစ်သည်။ ထိုအချိန်တွင် လောကီဆိုင်ရာပစ္စည်းအားလုံးကို ကျွန်တော်တို့စွန့်ခွာသွားကြရမည်၊ အဘယ့်ကြောင့်ဆိုသော်ထိုအရာများ၏ရည်ရွယ်ချက်ပြီးမြောက်သွား၍ဖြစ်သည်။ ကျွန်တော်တို့၏နောက်ဆုံးအိမ်ပြန်ခရီးစဉ်ထဲတွင် ထိုအရာများရှုပ်ရှုပ်ရှက်ရှက်ပါဝင်လာဖို့လဲ ကျွန်တော်တို့လိုချင်ကြလိမ့်မည်မဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့စိတ်နှလုံးများသည်ထိုအရာများပေါ်တွင် တွယ်ငြိတ်မထားကြသောကြောင့်ဖြစ်သည်။ ကျွန်တော်တို့သည် ဝမ်းသာအားရစွာ၊ စိတ်ပါစွာနှင့် ထိုအရာများကိုဘေးဖယ်ထားလိုက်ကြပြီဖြစ်သည်။ ထိုအရာများသည် ကျွန်တော်တို့၏ (ကောင်းကင်ဘုံသွားခရီးလမ်း)တွင်အသုံးတော်ခံခဲ့ကြပြီးဖြစ်၏၊ သို့သော် ထိုခရီးစဉ်ပြီးဆုံးသွားပြီ၊ ထို့ကြောင့် ထိုအရာများကို ကျွန်တော်တို့နောက်ထပ် မလိုအပ်တော့ပါ။ ကျွန်တော်တို့သည် ကျွန်တော်တို့မျှော်လင့်ခြင်း၏ အဓိကအကြောင်းအရာဖြစ်သော ထာဝရကာလထဲသို့ ဝင်နေကြပြီ ဖြစ်သည်။

ဘုရားသခင်၏စစ်မှန်သောရတနာကိုတော့ ကျွန်တော်တို့နှင့်တပါတည်းယူဆောင်သွားကြပြီဖြစ်သည်။ ကျွန်တော်တို့သည် ထာဝရကာလထဲတွင် လက်ချည်းသက်သက်ပေါ်ထွန်းလာကြရမည်မဟုတ်ပါ။ ကျွန်တော်တို့သည် သခင်ခရစ်တော် ၏ ဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းခြင်းဝတ်လုံ–ကိုဝတ်ဆင်သွားကြလိမ့်မည်။ ကျွန်တော်တို့ဝိညာဉ်ထဲတွင် (ထာဝရမပျောက်မ ပျက်နိုင်သော)ဘုရားသခင်၏နှုတ်ကပတ်တော်ကိုထည့်သွင်းသယ်ဆောင်သွားကြလိမ့်မည်။ ဤရတနာများကို ယခုမျက် မှောက်ဘဝမှာပင် ကျွန်တော်တို့ပိုင်ဆိုင်ထားကြပြီးဖြစ်သည်။ ထို့အတူ ၎င်းတို့သည် သေခြင်းတရားက ကျွန်တော်တို့လက်ထဲ မှ လုယူမသွားနိုင်သောရတနာများဖြစ်ကြသည်။ အဘယ့်ကြောင့်ဆိုသော်၎င်းတို့ကို သင်္ချိုင်းဂူကိုဖြတ်သန်းလျက် ထာဝရကာ လတိုင်အောင် ကျွန်တော်တို့သယ်ဆောင်သွားကြရမည်ဖြစ်၍ဖြစ်သည်။ ဤရတနာများသည် ကျွန်တော်တို့၏ ဘုရားသခင် နှင့် ကျွန်တော်တို့တွေ့ဆုံကြရချိန်တွင် ပြည့်ဝစုံလင်အောင်လုပ်ပေးခြင်းခံရလိမ့်မည်ဖြစ်သည်။ ကျွန်တော်တို့သည် ဤရတ နာများနှင့်အတူ နန်းတော်ပေါင်းများစွာပေါင်းစုထားသောအိမ်ဂေဟာကြီးထဲတွင် ထာဝရကာလပတ်လုံး နေထိုင်သွားကြရ မည် ဖြစ်သည်။ ဤသို့သောသူသည် ဘုရားသခင်ထံ၌ ချမ်းသာသောဉာဏ်ပညာရှိသူ ဖြစ်ပေ၏။

(The Mysteries of the Kingdom, Rev. Herman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

++++++++++++++++++++++++++++++++++++++++

ဟေဗြဲ ၁၂:၁၄–၂၄ (ကျိန်းဘုရင်မှ)

၁၄ – လူတိုင်းနှင့်ငြိမ်းချမ်းစွာနေထိုင်ရန် ကြိုးစားပါ၊ သန့်ရှင်းခြင်းကို လိုက်ပါ၊ ထိုအရာမရှိလျှင် မည်သူမျှ ဘုရားသခင်ကို မတွေ့ရ။

၁၅ – ဝိရိယရှိရှိ ကြည့်ရှုကြပါ၊ သို့မဟုတ် တစုံတဦးသည် ဘုရားသခင့်ကျေးဇူးတော်မှ ကျရှုံးပါမည်၊ ခါးသီးခြင်းအမြစ်သည် ပေါက်ဖွားလာကာ သင့်ကို ဒုက္ခပေးပါမည်၊ ထို့အပြင် ဤအရာကြောင့် အများသည် ညစ်ညမ်းကြပါမည်။

၁၆ – သင်တို့အထဲတွင် အီးစောကဲ့သို့ မတရားသောမေထုန်မှီဝဲသူ (သို့) ဘုရားတရားကို မထီမဲ့မြင်ပြုသူရှိမည် စိုးရိမ်ရပါသည်၊ သူသည် တလုတ်စာအသားအတွက် သူ၏သားဦးအရာကို ရောင်းစားသူဖြစ်သည်။
၁၇ – သင်တို့သိကြသည့်အတိုင်း နောက်ပိုင်းတွင် ကောင်းချီးမင်္ဂလာကို ခံရဖို့ပြင်သော် ငြင်းပယ်ခြင်း ခံရပါသည်၊ နောင်တရခွင့်ကို မတွေ့တော့ပါ၊ မျက်ရည်များစွာကျလျှက် သေချာစွာရှာသော်လည်း မရတော့ပါ။
၁၈ – အဘယ့်ကြောင့်ဆိုသော် သင်တို့သည် ထိတွေ့၍ရသောတောင်သို့ လာကြသူများမဟုတ်ကြပါ၊ မီးလောင်နေသော၊ မဲမှောင်သော၊ မှောင်မိုက်သော၊ လေပြင်းမုန်တိုင်းတိုက်နေသောနေရာသို့ လာကြသူများမဟုတ်ကြပါ။
၁၉ – ထို့အပြင် ထရမ်းပက်သံသို့၄င်း၊ စကားများပြောနေသံသို့၄င်း လာကြသူများမဟုတ်ပါ၊ ထိုစကားသံများကို ကြားကြရသောအခါ၊ သူတို့ထံ ထပ်မပြောပါနှင့်ဟု တောင်းပန်ခဲ့ကြပါသည်။
၂၀ – (အဘယ်ကြောင့်ဆိုသော် သူတို့ထံ မိန့်တော်မူသည်ကို မခံနိုင်ကြ၍ဖြစ်သည်၊ ထို့အပြင် တိရိစ္ဆာန်ကပင် တောင်ကိုထိမိလျှင် ၄င်းကို ခဲနှင့်ပေါက်သတ်ရမည်၊ (သို့) အချွန်နှင့်ထိုးသတ်ရမည်ဖြစ်သည်၊
၂၁ – မြင်ကွင်းသည် ကြောက်စရာကောင်းလွန်းလှသဖြင့် မောရှေက ငါသည် ကြောက်လန့်တုန်လှုပ်နေပါသည်ဟု ပြောခဲ့ပါသည်။)
၂၂ – သို့သော် သင်တို့သည် ဇိအုန်တောင်၊ အသက်ရှင်တော်မူသောဘုရားသခင်၏မြို့တော်၊ ကောင်းကင်ဂျေရုဆလင်မြို့၊ မရေတွက်နိုင်အောင်များပြားလှသောကောင်းကင်တမန်အဖွဲ့များသို့၄င်း၊
၂၃ – အထွေအထွေအစည်းအဝေးကြီးထံ၊ ကောင်းကင်ဘုံ၌ရေးသားထားသော သားဦးတို့၏အသင်းတော်ထံ၊ အားလုံးကိုတရားစီရင်သူ ဘုရားသခင်ထံ၊ ပြည့်စုံခြင်းသို့ရောက်စေပြီးဖြစ်သည့် ဖြောင့်မတ်သူတို့၏ဝိညာဉ်များထံသို့၄င်း၊
၂၄ – ထို့အပြင် ပဋိညာဉ်သစ်၏ကြားဝင်ဖြန်ဖြေသူ ယေရှုထံ၊ အသွေးဖြန်းခြင်းထံ၊ အေဘဲလ်ပြောခဲ့သည့် ပိုကောင်းသောအရာများထံ လာကြသူများဖြစ်ကြပါသည်။